မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ပနိုင်ငံကြီးအချို့၏ နိုင်ငံရေးအရ ဖိအားပေးမှု၊ စီးပွားရေးအရ ပိတ်ဆို့ကန့်သတ်မှု သံတမန်ရေးအရ အထီးကျန်နိုင်ငံဖြစ်အောင် အမျိုးမျိုးစွပ်စွဲလုပ်ကြံဖန်တီးမှုများကို နိုင်ငံတော်အနေဖြင့် ကြံ့ကြံ့ခံရင်ဆိုင်နေသည့်ကြားမှပင် ကိုယ့်ခွန်ကိုယ့်အား အခြေခံပြီး တိုင်းပြည်တိုးတက်အောင်၊ ပြည်နယ်/တိုင်းများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား) ပင်မဆောင် ဖွင့်လှစ်ခြင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၏ အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား) ပင်မဆောင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီက အဆိုပါပင်မဆောင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အားပေးချီးမြှင့်သည်။

တက်ရောက်

အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား) ပင်မဆောင်ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သူနာပြုနှင့်သားဖွားသင်တန်းသူများ၊ အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်၊ ကထိက(ဌာနမှူး)များ၊ နည်းပြ၊ သရုပ်ပြများ၊ ကျောင်းသားကျောင်းသူများ၊ တပ်မတော်သားများနှင့် မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ၊ ယဉ်ကျေးမှု အကအဖွဲ့များ၊ ဘင်ခရာ၊ပန်းဖွားအကအဖွဲ့များ၊ ကဗျာလွတ်အကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

အစိုးရ နည်းပညာကောလိပ်(မြစ်ကြီးနား) ပင်မဆောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

ဇာတိသွေးဇာတိမာန် နိုးကြားရှင်သန်ရေး စည်းရုံးဆောင်ရွက်

မြန်မာတို့သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး အင်အားသာလွန် ကြီးမားသည့် အိမ်နီးချင်းနိုင်ငံများအကြား၌ ဇာတိသွေး၊ ဇာတိမာန် ထက်သန်နိုးကြားစွာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ခဲ့သည်။ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။ နှစ်ပရိစ္ဆေဒ ရှည်ကြာစွာ ထိန်းသိမ်း ပျိုးထောင်လာခဲ့ကြသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့စရိုက် အစဉ်အလာကောင်းများကို မပျောက်မပျက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်။

တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် ယနေ့ကာလ၌ ဓနအင်အားသာလွန်မှု၊ နည်းပညာအသာစီးရမှု၊ ကမ္ဘာ့မီဒီယာများကို လွှမ်းမိုး ထားနိုင်မှုတို့အပေါ် တလွဲအသုံးချပြီး နိုင်ငံရေး အမြတ်ထုတ်နေသည့် နိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ၎င်းတို့၏အတွေးအခေါ်၊ ဓလေ့စရိုက်၊ လူနေမှု စနစ်ပုံစံတို့ကို ရိုက်သွင်းရင်း ၎င်းတို့၏ ဩဇာအာဏာအောက်ကို နိုင်ငံရေးအရ၊ ယဉ်ကျေးမှုအရ ကျူးသွင်းသိမ်းယူနိုင်ရန် ကြိုးစား လုပ်ဆောင်နေကြသည်။

တိုင်းတစ်ပါးလက်ဝေခံ ပြည်တွင်းပြည်ပ အဖျက်သမားများကလည်း လူငယ်လူရွယ်များကို ဇာတိသွေး၊ ဇာတိမာန် လျော့ပါးပျောက်ပျက်စေရန် လွဲမှားသည့် အတွေးအခေါ်များ သွတ်သွင်း ပေးနေသည့်အပြင် ထိပ်တိုက်ဆန့်ကျင်မှု၊ အကြမ်းဖက်မှု စရိုက်ဆိုးများဝင်လာအောင် သွေးထိုး လှုံ့ဆော်လျက်ရှိကြသည်။

ယင်းအန္တရာယ်များကို လျစ်လျူရှုထားမည်ဆိုပါက အမျိုးသားရေးစိတ်ဓာတ် အညွန့်တုံးပြီး အမျိုးပါပျောက်ကွယ်သွားနိုင်ပေသည်။ အဖျက်သမားများ၏ သွေးဆောင်ဖြားယောင်းမှု ပရိယာယ် ကွန်ရက်တွင် လူငယ်လူရွယ်များ နားယောင်လိုက်ပါပြီး လမ်းမှားကိုမရောက်စေရန် တစ်မျိုးသား လုံးက တာဝန်သိသိဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ယင်းကဲ့သို့ အခြေအနေ အချိန်အခါတွင် အသိဉာဏ်နှင့် ခံစားမှုကို ဆက်စပ်ပေးနိုင်သည့် မြန်မာ့ရိုးရာ အနုပညာရပ်များ၏ ထက်မြက်သောစွမ်းအားကောင်းကို အမျိုးသားရေးအတွက် ထိုက်တန်စွာ အသုံးပြုပြီး ပြည်သူတစ်ရပ်လုံး၏ စိတ်ပိုင်းဆိုင်ရာ စည်းလုံးညီညွတ်မှုစွမ်းအား ကောင်းများ အစဉ်ထာဝရ နိုးကြားရှင်သန်နေစေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများဖြင့် အားသစ်လောင်းပေးနေခြင်းဖြစ်သည်။

သို့ဖြစ်၍ အမျိုးသားယဉ်ကျေးမှု၏ အဆင့်အတန်းမြင့်မားမှု၊ တန်ဖိုးကြီးမားမှု၊ အမျိုးသားရေး အနှစ်သာရ ပြည့်စုံခိုင်ခံ့မှုတို့ကို ယနေ့မျိုးဆက်သစ် လူငယ်များ လက်တွေ့သိမြင်ခံစားရစေပြီး အမျိုးသားရေး စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ပြန်လည်နိုးကြားထက်သန်လာစေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှတစ်ဆင့် စည်းရုံးဆောင်ရွက် သွားကြရမည် ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၈-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၄။ မြန်မာ့သံစဉ်ချိုနားဝင်
- ၇:၄၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း-၁၀)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း-၂)

အဖျော်အသင်း(ရန်ကုန်) ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၇

အဖျော်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ကျောင်းသစ် အဖျော်ကျောင်းတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ဗ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ဖိတ်ခေါ်ချင်သည် တောင်စခန်းမြို့ဆီ
- ၇:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၇:၂၅ ဉာဏ်ရည်မြင့်မား မျိုးဆက်သစ်လူငယ်များ
- ၇:၄၅ တေးဂီတအစီအစဉ်
- ၇:၅၀ နိုင်ငံတကာ အနုပညာရေးရာ
- ၈:၁၅ အချိန်ကုန်သက်သာ ရယ်ဒီမိတ်ဟင်းလျာ
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၅၀ မေးကြည့်ဖြေကြည့် ပဟေဠိ (ထွန်းထွန်း၊ ပုလဲဝင်း)
- ၉:၁၀ တေးဂီတအစီအစဉ်
- ၉:၂၀ Midweek "Sports" News
- ၉:၃၅ မိုးလေဝသခန့်မှန်းချက်
- ၉:၄၀ သစ်ဆိမ့်ဖူးစာ (သျှားညို၊ ခိုင်နှင်းဝေ)
- ၉:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀ စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ (အပိုင်း-၁)
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ Myanmar Video "Rhythm"
- ၁၁:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၂၀ စွမ်းဆောင်ရည်မြင့်မား မီဒီယာသုံးပစ္စည်းများ (အပိုင်း-၂)
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂:၃၀	Chelsea-Barcelona	5-Serries (Live)
၁:၀၀	Bordeaux-Liverpool	5-Sports (Live)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပျဉ်းမနားမြို့နယ် စက်သုံးဆီအရောင်းဆိုင်များ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

အချင်အတွယ်မှန်ကန်စေရေး မှာကြား

နေပြည်တော် အောက်တိုဘာ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ ၁၅ ရက်က ပျဉ်းမနားမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၃၅၇)သို့သွားရောက်၍ စက်သုံးဆီ အချင်အတွယ်မှန်ကန် စေရေး၊ သတ်မှတ်ထားသည့် ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များကို စိစစ်ရောင်းချသွားရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးတို့ကိုမှာကြားပြီး စက်သုံးဆီသိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးနေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းရှင်းနီးနီးအားပေးစကားပြော

ထို့နောက် ဝန်ကြီးသည်ပျဉ်းမနားမြို့ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေး ဌာနခွဲသို့ ရောက်ရှိရာ ဌာနခွဲမန်နေဂျာ ဦးမြင့်အေးက စက်သုံးဆီသိုလှောင်နိုင်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေများ၊ နှစ်အလိုက် စီမံကိန်းများသို့ ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက မော်တော်ယာဉ် အမျိုးအစား အလိုက် သုံးစွဲလျက်ရှိသည့် စက်သုံးဆီ အမျိုးအစားအားလုံးကို ဖြန့်ဖြူးရောင်း ချသွားနိုင်ရေး၊ စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေးတို့ကို အထူးဂရုစိုက်ကြရန် မှာကြားပြီး(**အပေါ်ပုံ**) ဝန်ထမ်းများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

လိုအပ်သည်များဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးသည် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေး ဌာနခွဲအတွင်း စက်သုံးဆီ သိုလှောင်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်လျက် ရှိသည့် စက်သုံးဆီအတင်အချ ဆီပို့ပိုက်နေရာများသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို အထူး ဂရုစိုက်ကြရန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည်ပျဉ်းမနားမြို့ စက်သုံးဆီအရောင်းဆိုင် အမှတ် (၀၃၅၁)သို့ သွားရောက်၍ စက်သုံးဆီ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီ အချင်အတွယ် မှန်ကန်စေရေး၊ အများပြည်သူတို့နှင့် ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရေး၊ စက်သုံးဆီ ဖြန့်ဖြူးရောင်းချမှုနှင့် ပတ်သက်၍ ဝန်ကြီးဌာနက ချမှတ်ထားသော ညွှန်ကြားချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရေး တို့ကို မှာကြားသည်။ **(သတင်းစဉ်)**

ဒေါ်လီလီအေး မိသားစုက ဗဟန်းမြို့နယ် ဗိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ငါးဆယ့်ခုနစ်သိန်း တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ဗ)

ကြီးကို ဂုဏ်သိက္ခာအရ၊ ပညာအဆင့်အတန်းအရ နာမည်ရကောလိပ်တစ်ခုအဖြစ် တက်လှမ်းနိုင်ရန်ပင်ဖြစ်ကြောင်း၊ ဤအပိုင်းကို ဆရာများနှင့် ကျောင်းသားများ၏ စဉ်ဆက်မပြတ်နိုးကြားထကြွသည့်၊ တက်ကြွသည့်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ အဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းများရော၊ သင်ရိုးညွှန်းတမ်းပါ ခေတ်မီပြည့်စုံနေပြီဖြစ်သည့်အတွက် သင်ကြားသူဆရာများက တပည့်များကို တကယ်ပညာတတ်မြောက်အောင်၊ တကယ်ထူးချွန်သည့်ပညာရှင်များဖြစ်အောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးရမည်ဖြစ်သကဲ့သို့ ကျောင်းသားများကလည်း ရှေ့ရေးကိုတွေးပြီး အပတ်တကုတ်ကြိုးစားအားထုတ်သင်ယူကြရန်ပင်ဖြစ်ကြောင်း၊ သို့မှလည်း ဂုဏ်သိက္ခာရှိသည့်ကောလိပ်၊ အဆင့်အတန်းရှိသည့်ကောလိပ်အဖြစ်ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း၊ ဤသည်မှာ တစ်ဦးချင်းအတွက်၊ ပြည်နယ်အတွက်၊

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရနည်းပညာကောလိပ် (မြစ်ကြီးနား) ပင်မဆောင် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

“နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အတူတကွနေထိုင်ကြသူများဖြစ်ရာ မည်သူ့ကိုသာစေ၊ နာစေဆိုသည့်စိတ်ဓာတ်မျိုးထားရှိ၍ မရကြောင်း၊ တိုင်းရင်းသားပြည်သူ အားလုံး၏ လူနေမှုအဆင့်အတန်း ဖြစ်နိုင်သမျှ တစ်ပြေးညီမြင့်မားလာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း” ဆိုသည့် တိုင်းရင်းသားလူမျိုးအားလုံးအပေါ် ထားရှိသည့် စေတနာနှင့်ယှဉ်သောလမ်းညွှန်မှုကို လေးစားစွာခံယူလိုက်နာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြဲ နိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး ပြည်နယ်၊တိုင်းအားလုံး တစ်ပြိုင်တည်း မျှမျှတတဖွံ့ဖြိုး တိုးတက်စေရမည်၊ တိုင်းရင်းသားညီအစ်ကိုအားလုံး ကျေးသားရင်သားမခြားနားဘဲ တိုးတက်စေရမည်ဆိုသည့် မွန်မြတ်သော ရည်မှန်းချက်ကို အမြဲအလေးထား လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းနေမှလည်း ပြည်ထောင်စုကြီးတစ်ရပ်လုံး တည်ငြိမ်အေးချမ်းပြီး လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

နောင်လာနောက်သား မျိုးဆက်သစ်များအား အမွေခံကောင်း၊ အခြေခံကောင်းများ လက်ဆင့်ကမ်းပေး

■ **ရွှေဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား) ပင်မဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ပင်မဆောင်ရှေ့၌ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပင်မဆောင် အဝင်လမ်းမကြီးဘေး၌ ပင်မဆောင် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ခရေ၊ ပိတောက်၊ အင်ကြင်းနှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား) ပင်မဆောင် ဖွင့်လှစ်ခြင်း၊ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပင်မဆောင်စုဝေးခန်းမ၌ အခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပရာ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာခင်မောင်အေးက အစိုးရနည်းပညာကောလိပ် (မြစ်ကြီးနား)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်စကားပြော

ဆက်လက်၍ အစိုးရနည်းပညာ ကောလိပ် (မြစ်ကြီးနား)မှ ဒုတိယနှစ် (Electrical Power)ကျောင်းသူ မနန်းဒွဲက ကျောင်းသားကျောင်းသူများ ကိုယ်စား ပင်မဆောင်ဖွင့်လှစ်ပြီးစီးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

အစိုးရနည်းပညာကောလိပ် (မြစ်ကြီးနား) မှ ဒုတိယနှစ် (Electrical Power) ကျောင်းသူ မနန်းဒွဲက ကျောင်းသားကျောင်းသူများကိုယ်စား ပင်မဆောင်ဖွင့်လှစ်ပြီးခြင်း အတွက် ကျေးဇူးတင်စကားပြောကြားစဉ်။
(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာ၌ ယနေ့သည် မြစ်ကြီးနား အစိုးရနည်းပညာ ကောလိပ်၏ ခံ့ညားထည်ဝါသော ပင်မဆောင်ကြီး တည်ဆောက်ပြီးစီးပြီဖြစ်သည့်အတွက် ဖွင့်ပွဲကျင်းပသောမင်္ဂလာ အခမ်းအနားဖြစ်ကြောင်း၊ ကောလိပ်တစ်ခုအဖြစ် လိုက်လျောညီညွတ်စွာ ရှိသင့် ရှိထိုက်သည့် အင်္ဂါရပ်များသည် ယနေ့မြစ်ကြီးနား အစိုးရနည်းပညာ ကောလိပ်၌ အဆောက်အအုံ အပိုင်းရရော၊ သင်ကြားမှုအထောက်အကူပြုပစ္စည်း အပိုင်းအရပါ ပြည့်စုံနေပြီဟု ဆိုနိုင်ပြီဖြစ်ကြောင်း။

ပြုစုပျိုးထောင်လေ့ကျင့်

ယခုကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အသွင်သဏ္ဌာန်အရ ပြည့်စုံ ခံ့ညားနေမှုအပေါ် အနှစ်သာရရှိရှိ ထပ်မံဖြည့်ဆည်းပေးရန်ကျန်ရှိနေသည်မှာ ဤကောလိပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းတို့ အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား) ပင်မဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အတွက် အနာဂတ်နှင့်ယှဉ်တွဲစဉ်းစားလိုက်မည်ဆိုလျှင် အလွန်လေးနက်ကျယ်ပြန့်သည့်တာဝန်ပိုင်းလည်းဖြစ်ကြောင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း တာဝန် ကျေပွန်မှုမှသည် ညီညွတ်ပေါင်းစည်းတာဝန် ကျေပွန်မှုများဖြင့် မိမိ၏ ကောလိပ်၊ မိမိ၏ပြည်နယ်၊ မိမိ၏နိုင်ငံတော်ကို တည်ဆောက်ထူထောင်သွားကြရမှာပင် ဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ယခုကဲ့သို့ ပြည်သူတစ်ဦးချင်း၏ တာဝန်ပိုင်း၊ ပြည်သူများ၏တာဝန်ပိုင်း၊ နိုင်ငံတော်အစိုးရ၏တာဝန်ပိုင်းဆိုပြီး တာဝန်အသီးသီးရှိပြီးဖြစ်သည့်အတိုင်း၊ တာဝန်များကို ဦးထမ်းပဲ့ထမ်းဟန်ချက်ညီညီကျေပွန်ကြရန် အရေးကြီးကြောင်း။

တွန်းတွန်းတိုက်တိုက်လုပ်ကိုင်

ဦးဆောင်ဦးရွက်ပြုသည့် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှု၊ တည်ဆောက်မှုများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်သစ်တစ်ခု၊ ခေတ်သစ်တစ်ခုကို ကူးပြောင်းနိုင်ရန်အတွက် တိုင်းပြည်၌ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လိုအပ်သောအခြေခံကောင်းများပြည့်စုံအောင် တွန်းတွန်းတိုက်တိုက် လုပ်ကိုင်ဆောင်ရွက်နေသည့်အချိန် ဖြစ်ကြောင်း။

ဤကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သော–

အကောင်အထည်ဖော်

ထို့ကြောင့် ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟနေမှု၊ မြို့ပြနှင့်ကျေးလက်အကြား ကွာဟနေမှု၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား ကွာဟနေမှုများကို အဖြစ်နိုင်ဆုံး၊ အမြန်ဆုံးလျော့နည်းကျဆင်းသွားအောင် နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးရေးစီမံကိန်းများစနစ်တကျချမှတ်ပြီး ဒေသအလိုက် အဆက်အစပ်မိမိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးဒေသ ၂၄ ခုဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုပြီး ဖွံ့ဖြိုးရေးစီမံကိန်းသုံးမျိုးနှင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာအောင် အားထည့်လုပ်ကိုင်လျက်ရှိကြောင်း၊ တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ပါတည်း ဖိဖိစီးစီးအကောင်အထည်ဖော်ပေးနေခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၂

မီးခိုးမြူပြဿနာ ပူးပေါင်းတိုက်ဖျက်ရန် အာဆီယံဝန်ကြီးများ သဘောတူညီ

ဂျကာတာ အောက်တိုဘာ ၁၇

အာဆီယံငါးနိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများသည် မီးခိုးမြူ သဘာဝဘေးအန္တရာယ်ကို ကျော်လွှားနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီကြကြောင်း အင်ဒိုနီးရှား တောမီးငြိမ်းသတ်ရေး သတင်းရပ်ကွက်မှ သိရသည်။

ယင်း သဘောတူညီချက်ကို အင်ဒိုနီးရှားနိုင်ငံ ရိုင်ယူပြည်နယ်၏ မြို့တော်ပီကန်ဘာရုမြို့၌ အစည်းအဝေး တစ်ရပ် ကျင်းပစဉ်အတွင်း အဆိုပါ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးငါးဦးက ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

သဘောတူညီ

အဆိုပါ ဝန်ကြီးများသည် ယင်း မီးခိုးမြူ ပြဿနာကို အမြန်ဆုံးပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီလိုက်ကြောင်း အင်ဒိုနီးရှားပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး ဝီတိုးလာက ပိတ်ပွဲအခမ်းအနား၌ ပြောကြားလိုက်သည်။

အခက်အခဲ

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မီးခိုးမြူများပြဿနာကိုရင်ဆိုင်ရာတွင် အခက်အခဲများကြောင့် လျင်မြန်စွာ မဆောင်ရွက်နိုင်၍ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း ၎င်းဝန်ကြီးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဆွစ်ဇာလန်နိုင်ငံ ဘောလ်ဇီဒေသအနီး၌ လွန်ခဲ့သောနှစ်ပေါင်း ၄၅၀၀၀ ခန့်က မျိုးသုဉ်းသွားသော ဆင်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းဆင်စွယ်ကို အောက်တိုဘာ ၁၄ ရက်က တူးဖော်တွေ့ရှိရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လာအိုခရီးစဉ် အားရကျေနပ်ကြောင်း ထိုင်းဝန်ကြီးချုပ်သစ် စူရာယုဒ်ပြောကြား

ဗန်ကောက် အောက်တိုဘာ ၁၇

ထိုင်းဝန်ကြီးချုပ်သစ် စူရာယုဒ်ချူလာနွန်က လာအိုနိုင်ငံသို့ အစိုးရ ဧည့်သည်အဖြစ် မိမိသွားရောက်လည်ပတ်သည့် ခရီးစဉ်နှင့် စပ်လျဉ်း၍ အားရ ကျေနပ်ဖြစ်မိကြောင်း အောက်တိုဘာ ၁၄ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

လာအိုခရီးစဉ်မှာ ထိုင်းနိုင်ငံ၌ စက်တင်ဘာ ၁၉ ရက်က အာဏာသိမ်းပြီး နောက် ယခုလဆန်းပိုင်းက သွားရောက်သည့် ပထမဆုံး ဝန်ကြီးချုပ် စူရာယုဒ် ၏ ပြည်ပခရီးစဉ်ဖြစ်သည်။

ခရီးဦးကြိုဆို

ထိုင်းဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်က တစ်ရက်ကြာ လာအိုခရီးစဉ်မှ ပြန်အရောက် သတင်းထောက်များနှင့် တွေ့ဆုံစဉ် မိမိအား လာအိုဝန်ကြီးချုပ် ဘူဖာဖန်က နွေးထွေးစွာ ခရီးဦးကြိုဆိုကြောင်း ပြောကြားလိုက်သည်။

အတည်ပြုပြောကြား

အနာဂတ်ကာလ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ရန်နှင့် နားလည်မှုရှိရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က အတည်ပြု ပြောကြားသည်။

ဝန်ကြီးချုပ်စူရာယုဒ်ချူလာနွန်သည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ တနင်္ဂနွေနေ့၌ သွားရောက်ရန် စီစဉ်ထားသည်ဆို၏။ **အမ်အင်အေ၊ဆင်ဟွာ**

ခြင်အန္တရာယ်ကာကွယ်နိုင်သည့် ဆေးစိမ်အင်္ကျီများ ပါရာဂွေးပညာရှင်များ တီထွင်ထုတ်လုပ်

အဆန်စီယမ် အောက်တိုဘာ ၁၇

ပါရာဂွေးနိုင်ငံ၌ ခြင်ကိုသေစေနိုင်သော လက်နက်သစ်တစ်မျိုးရှိထားပြီဖြစ်ကြောင်း ယင်းမှာ သံပရာနံ့သင်း သည့် ဆစ်ထရိုနယ်လာအဆီတွင် စိမ်ထားသော ခြင်အန္တရာယ်မှကာကွယ်ပေးနိုင်သည့် ချည်ထည်ရှပ်အင်္ကျီများဖြစ်ကြောင်း ပါရာဂွေးလူငယ် စီးပွားရေးသမားများက ပြောကြားသည်။

အဆိုပါအင်္ကျီများသည် ခြင်အန္တရာယ်ကို ကာကွယ်ပေးနိုင်သည့် အာနိုသင်မကုန်မီ အကြိမ် ၄၀ တိုင်လျှော်ဖွပ်ခြင်း ပြုလုပ်နိုင်ကြောင်း၊ ခြင်အန္တရာယ်တားဆီးကာကွယ်ရေးအတွက် ရည်မှန်းထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ၎င်းအင်္ကျီထုတ်လုပ်သော သူများက ပြောကြားသည်။

အဆိုပါ အင်္ကျီများကိုအမေရိကန်၌ ရောင်းချခဲ့ပြီး ဖြစ်သော်လည်း ပါရာဂွေးနိုင်ငံ၌ ယခုမှစတင်ရောင်းချပေးခဲ့၍ အသစ်အဆန်းဖြစ်နေကြောင်း၊ ပါရာဂွေးသိပ္ပံပညာရှင်များက ခြင်မှကူးစက်တတ်သော ငှက်ဖျားရောဂါနှင့် တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းနိုင်ရန်အတွက် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

သတင်းပြန်ကြား

မိမိတို့အနေဖြင့် အဆိုပါခြင်အန္တရာယ်ကာကွယ်နိုင်သည့် ဆေးစိမ်အင်္ကျီကို အမှန်တကယ်ထိရောက်မှုရှိကြောင်း၊သတင်းပြန်ကြားပေးမည်ဖြစ်ကြောင်း၊ ပါရာဂွေးငှက်ဖျား တိုက်ဖျက်ရေးဌာနမှ စီးပွားရေးပညာရှင် ဘလန်ကာကော့စီနိုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံရပ်ခြား သတင်းများ

အီတလီလူငယ် စံချိန်တင် ရေကူးသမားဖြစ်လာ

ရောမ အောက်တိုဘာ ၁၇

၁၀ နှစ်သားအရွယ် အီတလီလူငယ်လေးတစ်ဦးသည် အောက်တိုဘာ ၁၅ရက်က မက်ဆီနာ ရေလက်ကြားကို မိနစ် ၅၀နှင့် ၃၀ စက္ကန့်ဖြင့် စံချိန်တင် ကူးခတ်နိုင်ခဲ့သည်။

၎င်း၏ အမည်မှာ ဂူဆက်ပီမန်ဂါနိုဖြစ်ပြီး မီတာ ၃၇၀၀ ရှိသော မက်ဆီနာရေလက်ကြား၌ ရာသီဥတုဆိုးရွားသည့် လှိုင်းလုံးကြီးများ၊ပြင်းထန်သော ပင်လယ်ရေသတ္တဝါများကြားမှ ခက်ခဲစွာကူးခတ်နိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့အရပ်အမြင့်ဆုံး လူသား

ကမ္ဘာ့အရပ်အမြင့်ဆုံး အမျိုးသားဖြစ်သည့် ပါကစ္စတန်နိုင်ငံသား အီဂျက်အာမက်အား ၎င်း၏သူငယ်ချင်း အလီဇာမန်နှင့်အတူ ကွာလာလမ်ပူလေဆိပ်၌ တွေ့ရခြင်းဖြစ်သည်။ (အောက်ပုံ)

အာမက်သည် အရပ်အမြင့် ၂၅၆စင်တီမီတာမြင့်သည်။ ၎င်းသည် စင်ကာပူ၊ ဘရူနိုင်းနှင့် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ရန် အောက်တိုဘာ ၁၄ ရက်က ကွာလာလမ်ပူသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ချောကလက်မိုးမျှော်တိုက်

ကမ္ဘာ့ဂင်းနက်စ် မှတ်တမ်းဝင်ခဲ့သော ချောကလက် မိုးမျှော်တိုက်ကို နယူးယောက်မြို့ရှိ စတိုးဆိုင် တစ်ဆိုင်၌ တွေ့ရခြင်းဖြစ်သည်။ (အပေါ်ပုံ)

ယင်းချောကလက် မိုးမျှော်တိုက်သည် ပေ ၂၀နှင့် ရှစ်လက်မ မြင့်သည်။ **(အင်တာနက်)**

ကျူးဘားအား အမေရိကန်ပိတ်ဆို့မှုအဆုံးသတ်ရေး နိုင်ငံတကာကထောက်ခံရန် တိုက်တွန်း

ဟာဗားနား အောက်တိုဘာ ၁၇

ကျူးဘားနိုင်ငံအား အမေရိကန်ပိတ်ဆို့မှုကို နိုင်ငံတကာ အသိုင်းအဝိုင်းက တိုက်ဖျက်အရေးယူပေးပါရန် ကျူးဘားနိုင်ငံ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မရှင်က အောက်တိုဘာ ၁၃ ရက်၌ တိုက်တွန်းလိုက်သည်။

ကြေညာချက်

၄၇ နှစ်လုံးလုံး အမေရိကန်နိုင်ငံသည် ကျူးဘားနိုင်ငံအား စနစ်တကျ ဆက်တိုက် ပိတ်ပင်အရေးယူလာကြောင်း၊ အမေရိကန်၏ ထိုလုပ်ရပ်မှာ ကျူးဘားပြည်သူတို့အား ငတ်မွတ်ခေါင်းပါး၊ စိတ်ဓာတ်ပျက်ပြားသွားအောင် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါကော်မရှင်၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ပိတ်ဆို့မှု

ကမ္ဘာတစ်ဝန်းလုံးမှ တညီတညွတ်နီးပါး ဆန့်ကျင်နေသည့် ကြားမှပင် အမေရိကန်တို့၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ငွေရေးကြေးရေး ပိတ်ဆို့မှုများ ပိုမိုကြီးထွား အမြစ်တွယ်လာပြီဖြစ်ကြောင်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

နိုဝင်ဘာ ၈ရက်တွင် ယင်းကိစ္စကို ကျူးဘားနိုင်ငံက ကုလသမဂ္ဂ အထွေထွေညီလာခံသို့ အစီရင်ခံစာတင်ပြမည်ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သဘာပတိ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းနှင့် သဘာပတိအဖွဲ့ဝင် မြို့(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်တို့က နိုင်ငံတော်ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်နှင့် ဧရာဝတီတိုင်းမှ ဦးကြည်တင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ စစ်ကိုင်းတိုင်းမှ ဦးကံညွန့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

* *ကျော်ဖုံးမှ*

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၃၀ အနက် ၂၉ ဦးတက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၆၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောအရေးနှင့် ရပိုင်ခွင့်များ အခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့်စပ်လျဉ်းပြီး ကိုယ်စားလှယ်အစုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသား

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ ဦးရှိသည့်အနက် ကိုယ်စားလှယ် ၉၂ ဦး တက်ရောက်လာသည့်အတွက် အစည်းအဝေးတက်ရောက်မှု ရာခိုင်နှုန်း ၉၈ ဒသမ ၉၂ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွန့်(ညွန့်ဝေ-ကသာ) အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း(တောင်တွင်းဘိုသိန်း) အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်က အမှာစကားပြောကြားပြီး ဦးဖီးလစ်ဆမ်နှင့် သဘာပတိအဖွဲ့ဝင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောတို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်

အဖွဲ့အသီးသီး၏ သဘောထားများ ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက အကြံပြုချက်စာတမ်းပြုစုရန်အတွက် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေး

ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့က ကောက်နုတ် စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့်စပ်လျဉ်းပြီး ကိုယ်စားလှယ်အစုအဖွဲ့အသီးသီး၏ သဘောထားများရယူနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဖတ်ကြားတင်ပြကြသည်။ ယင်းနောက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များက အကြံပြုချက် စာတမ်းတင်ပြရန်အတွက် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရုပ်သိမ်းလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကို နံနက် ၁၀ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးနှင့် မြို့(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၂ ဦးရှိရာ ရာနှုန်းပြည့် တက်ရောက်သည့်

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌

ယင်းနောက် အလှည့်ကျ သဘာပတိ စစ်ကိုင်းတိုင်းမှ ဦးကံညွန့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ရန်ကုန်တိုင်းမှ ဦးမြအေးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်တို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့်

စာမျက်နှာ ၆ ကော်လံ ၄ သို့

● ကျောဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ဂီတနှင့်သဘင် အနုပညာရှင်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်ရင်းတပ်ဖွဲ့မိသားစုများ၊ ချင်းပြည်နယ်မှ ဦးငွေဟိန်းမောင် ခေါင်းဆောင်သော လေ့လာအားပေးကြသူများ၊ ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်၊ သစ်တော သုတေသနဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်မိသားစုများ၊ ပျဉ်းမနားခရိုင်အတွင်းရှိ ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်၊ ရမည်းသင်းခရိုင် အတွင်းရှိ ရမည်းသင်းနှင့်ပျော်ဘွယ်မြို့နယ်တို့မှ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို လေးစားချစ်ခင်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ကြီးကြပ်ဆောင်ရွက်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဂီတအဆိုပြိုင်ပွဲကို နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ နံနက် ၉နာရီတွင် ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ် အတွင်းရေးမှူး အနုပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(ထုတ်လုပ်)ဦးကျော်ဆွေ၊ တွဲဖက်အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်ဝင်များက ကြီးကြပ်ဆောင် ရွက်ပေးကြသည်။

ထိုသို့ကျင်းပကြရာတွင် ဝါသနာရှင်(ပထမတန်းအဆင့်)၊ အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် 'တောင်ယံတောကြီး'(မွန်)သီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်ဝါဝါရွှေ၊ ရန်ကုန်တိုင်းမှ ဒေါ်သန်းသန်းငြိမ်း၊ ရခိုင်ပြည်နယ်မှ မအေးနှင်းခိုင်၊ မန္တလေးတိုင်းမှ မြန်မာမလေး ဒေါ်သပြေနှင့် ဧရာဝတီတိုင်းမှ ဒေါ်သိမ့်သိမ့်ဆွေတို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

အဆိုပြိုင်ပွဲ

အလားတူ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ 'နန်းဘုံသီဟာဘွေ'(ယိုးဒယား)သီချင်းဖြင့် မွန်ပြည်နယ်မှ မောင်အောင်မျိုးဦး၊ ရှမ်းပြည်နယ်မှ မောင်အောင်ခန့်ဖြိုး၊ မကွေးတိုင်းမှ မောင်ရဲရင့်သူ (ခ) မောင်ဝေယံဦး၊ ဧရာဝတီတိုင်းမှ မောင်ထက်အောင်ကိုဝင်းတင့်၊ ပဲခူးတိုင်းမှ မောင်ဆန်းဝင်းအောင်၊ ကရင်ပြည်နယ်မှ မောင်ရဲလင်းထိုက်၊ ကချင်ပြည်နယ်မှ မောင်ဇေယျာပိုင်၊ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်းနှင့်မောင်ပိုင်းလမင်းအောင်၊ရခိုင်ပြည်နယ်မှ မောင်ခိုင်ဖြိုးလင်း၊ စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဦးနှင့် မန္တလေးတိုင်းမှ မောင်ရဲထက်အောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ကာလပေါ်တေးအဆိုပြိုင်ပွဲကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စာသင်ခန်းမ၌ နံနက် ၉နာရီတွင် ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ)(အငြိမ်းစား) တေးသံရှင်ဒေါ်တင်တင်မြ၊ တွဲဖက်အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်(၁) ဒေါ်တင်မေသက် တေးသံရှင် မေဘရဏီခိုင်နှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

သီဆိုပြိုင်ပွဲဝင်

ထိုသို့ ကျင်းပကြရာ၌ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်မှ (အမျိုးသား)ကာလပေါ် အဆိုပြိုင်ပွဲတွင် မြို့မငြိမ်း ရေးစပ်သီကုံးပြီး ကိုအံ့ကြီး သီဆိုသည့် 'လူချွန်လူကောင်း' သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်လွင်မျိုးအောင်၊ မွန်ပြည်နယ်မှ မောင်ထက်ခိုင်ဦး၊ ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ တနင်္သာရီတိုင်းမှ မောင်ရန်နိုင်အောင်၊ ကရင်ပြည်နယ်မှ မောင်စောဘငြိမ်း၊ပဲခူးတိုင်းမှမောင်ဝေယံဦး၊ ရှမ်းပြည်နယ်မှမောင်ဇော်ထက်၊ မန္တလေးတိုင်းမှ မောင်သက်ပိုင်တိုး၊ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ စစ်ကိုင်းတိုင်းမှမောင်ဆက်ပိုင်နှင့် ကချင်ပြည်နယ်မှမောင်အောင်ကြည်ဖြိုးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အလားတူ ဝါသနာရှင် (ဒုတိယတန်းအဆင့်) အမျိုးသမီး ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် 'စိတ္တဂီဝါ' သီချင်းဖြင့် မကွေးတိုင်းမှ ဒေါ်ချိုမာဝင်း၊ ရှမ်းပြည်နယ်မှ ဒေါ်နွေးနွေးသီရိအောင်၊ စစ်ကိုင်းတိုင်းမှ မမေဝင်းသူ၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်ခင်အေး၊ ဧရာဝတီတိုင်းမှ ဒေါ်ချောစုစံ၊ ကချင်ပြည်နယ်မှ ဒေါ်အယ်လ်နန်စဲန်၊ ရခိုင်ပြည်နယ်မှဒေါ်သန်းသန်းဝင်း၊ မန္တလေးတိုင်းမှ ဒေါ်သင်းသင်းခိုင်၊ ကရင်ပြည်နယ်မှ ဒေါ်တင်တင်ချို၊ မွန်ပြည်နယ်မှ ဒေါ်ချိုချိုဝင်း၊ ပဲခူးတိုင်းမှ ဒေါ်ချယ်ရီဝင်း၊ တနင်္သာရီတိုင်းမှ မကေခိုင်၊ မန္တလေးတိုင်းမှ ဒေါ်မေသက်ရှင်း၊ ချင်းပြည်နယ်မှ မသန္တာအီယာန်လှေပါရ်နှင့် ရန်ကုန်တိုင်းမှ ဒေါ်ပွင့်စံပယ်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အရေးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉နာရီတွင် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်အမှတ်ပေးအဖွဲ့ ဥက္ကဋ္ဌ ဦးလေးညွှန့်၊ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးဇော်ဌေးနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ပြိုင်ပွဲတွင် အောက်တိုဘာ ၁၅ရက်က ကျင်းပခဲ့သော တေးစာသားရေးပြိုင်ပွဲဝင်ခဲ့သည့်အဆင့်မြင့်ပညာအဆင့်မှ ပြိုင်ပွဲဝင်ခဲ့သော တေးစာသားများကို သံစဉ်ထည့်သွင်းလေ့ကျင့်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အိုးစည်နှင့်ဒိုးပတ် ဗဟိုအကဲဖြတ်ပညာရှင် ဦးလှထွဋ်၊ ရန်ကုန် ယဉ်ကျေးမှုတက္ကသိုလ် သဘင်ပညာဌာနမှ နည်းပြ ဒေါ်အိအိသန့်နှင့် ဂီတပညာဌာနမှ နည်းပြ ဒေါ်သူဇာလွင်တို့က ပြိုင်ပွဲဝင်ပြည်နယ်နှင့်တိုင်း အဖွဲ့များကို မဲနှိုက်၍ အိုးစည်အတီး ပြိုင်ပွဲကို စတင်ရာ အိုးစည်နှင့်ဒိုးပတ် အမှတ်ပေးအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်ကုလား(ခ) ဦးအောင်ဝမ်းတူးနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အိုးစည်ပြိုင်ပွဲ

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားအိုးစည်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဦးစိန်ကုလားအဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးလှိုင်သန်းအဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးအောင်သူဟိန်းအဖွဲ့နှင့် ဦးမျိုးအောင်ဦး(ခ) မောင်မောင်ဦးအဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးအောင်အောင်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးအုန်းငွေအဖွဲ့၊ အခြေခံပညာ အဆင့် အသက်(၅–၁၀)နှစ် အမျိုးသား အိုးစည်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်ကျော်ဇင်ဝင်းအဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဝင်းအဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်ခိုင်ဟိန်းအဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်ကျော်စိုးဟန် အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

အကပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာ အဆင့် အသက် (၁၀–၁၅)နှစ် (အမျိုးသား) အကပြိုင်ပွဲကို ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စုဝေးခန်းမ၌ နံနက် ၉နာရီတွင် ဆက်လက်ကျင်းပရာ အကအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) သဘင်ဌာနမှ ပါမောက္ခဒေါ်နုနုခင်၊ အတွင်းရေးမှူး ပန်တျာကျောင်း(ရန်ကုန်)မှ ကျောင်းအုပ် ဒေါ်မူမူခင်၊ တွဲဖက်အတွင်းရေးမှူး အနုပညာဦးစီးဌာန (မန္တလေး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ကြူကြူဝင်းနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျင်းပကြရာ၌ အခြေခံပညာအဆင့် အသက် (၁၀–၁၅) နှစ် (အမျိုးသား)အကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မြိုင်ကြီးငူ စိုးမင်းခန့်၊ စစ်ကိုင်းတိုင်းမှ မောင်ဝင်းဌေးပိုင်၊ ဧရာဝတီတိုင်းမှ မောင်မင်းဆန်းလင်း၊ ရှမ်းပြည်နယ်မှ မောင်ပြုံးဖြိုးအောင်၊ မွန်ပြည်နယ်မှ မောင်အောင်စိုးထွန်း၊ ရန်ကုန်တိုင်းမှ မောင်နန္ဒာဝင်း၊ စစ်ကိုင်းတိုင်းမှ မောင်ထိပ်တင်စိုး၊ ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ မကွေးတိုင်းမှ မောင်မျိုးဟိန်းကျော်၊ ပဲခူးတိုင်းမှ မောင်ဝေဖြိုး၊ မန္တလေးတိုင်းမှ မောင်မင်းပိုင်ဇေ၊ မန္တလေးတိုင်းမှ မောင်ဖြိုးသီဟကျော်၊ဧရာဝတီတိုင်းမှမောင်အောင်ကိုကို၊ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်၊ ကချင်ပြည်နယ်မှ မောင်ငြိမ်းချမ်းအောင်၊ ရှမ်းပြည်နယ်မှ မောင်ပြည်သိမ်းကျော်၊တနင်္သာရီတိုင်းမှမောင်သူရဇော်နှင့် ပဲခူးတိုင်းမှ မောင်ထက်အောင်ဖြိုးလွင်(ခ)ထက်အောင်ဖြိုးကျော်တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ နဲ့ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်းသစ်တော သုတေသနဦးစီးဌာန၏စုဝေးခန်းမ၌ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစာဘဌေးနှင့် အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

နဲ့ပြိုင်ပွဲ

ထိုသို့ ကျင်းပရာတွင် ဝါသနာရှင်(ပထမတန်း)အမျိုးသား နဲ့ပြိုင်ပွဲတွင်'သောင်းရွှေလယ်' (ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးမြပို၊ ရန်ကုန်တိုင်းမှ ဦးညွှန့်ဝင်းနိုင်၊ မန္တလေးတိုင်းမှ ဦးတာနော၊ ရန်ကုန်တိုင်းမှ ဦးစံအုန်းနှင့် ရခိုင်ပြည်နယ်မှ ဦးစိန်မောင်အိတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ ပတ္တလားအတီး အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးခင်လှနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျင်းပရာတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား)စောင်းအတီးပြိုင်ပွဲတွင် 'စောင်းတော်သဂြီ' (ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်ကံဦးအောင်နှင့် ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့ ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးအောင်ကိန်းနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျင်းပရာတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် 'စောင်းတော်သဂြီ' (ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ထက်အာကာ၊ မန္တလေးတိုင်းမှ မောင်ကြည်သာဗိုလ်၊ တနင်္သာရီတိုင်းမှ မောင်အောင်မိုးဦး၊ မကွေးတိုင်းမှ မောင်ခင်မောင်ချစ်၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်၊ မန္တလေးတိုင်းမှ မောင်ငြိမ်းချမ်းဖြိုး၊ ဧရာဝတီတိုင်းမှ မောင်သူရအောင်နှင့် စစ်ကိုင်းတိုင်းမှ မောင်ထက်ဇော်တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဆိုင်းဗဟိုအကဲဖြတ်အဖွဲ့ဝင် ဦးစိန်မြအောင်နှင့် ဦးမြင့်ဝေ၊ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ် ဂီတပညာဌာနမှ နည်းပြဒေါ်ဥမ္မာအောင်၊ သဘင်ပညာဌာနမှ လက်ထောက်ကထိက ဒေါ်ပပမျိုးတို့က ပြိုင်ပွဲဝင်ပြည်နယ်နှင့် တိုင်းအသင်းများကို မဲနှိုက်၍ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို စတင်ရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအကဲဖြတ်ခေါင်းဆောင် မလှိုင် ဦးသန်းထွန်းနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ခေတ္တရပ်နား

ရှေးဦးစွာ အခြေခံပညာ အဆင့် အသက် (၁၅–၂၀)နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို ကျင်းပရာ ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုး၊ မကွေးတိုင်းမှ မောင်ခင်မောင်ချစ်၊ မွန်ပြည်နယ်မှ မောင်အောင်မင်းထွန်း၊ မန္တလေးတိုင်းမှ မောင်ခန့်ကျော်၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်၊ စစ်ကိုင်းတိုင်းမှ မောင်ထက်ဇော်၊ မန္တလေးတိုင်းမှ မောင်သိန်းဇော်နှင့် ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိုင်း(ခ)တင်ထက်ပိုင်လင်း တို့ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းမှ ဦးမြသန်းဝင်း၊ ရန်ကုန်တိုင်းမှ ဦးမျိုးဟိန်းဦး(ခ)ဟိန်းရာဇာ၊ မန္တလေးတိုင်းမှ ဦးရှိုင်းဗိုလ်၊ ဧရာဝတီတိုင်းမှ ဦးမြသန်းကျော်၊ ရန်ကုန်တိုင်းမှ ဦးလှမြိုင် (ပန်တျာစိန်လှမြိုင်)၊ မကွေးတိုင်းမှ ဦးမြမင်းဗိုလ်နှင့် မန္တလေးတိုင်းမှ ဦးကောင်းသန်းတို့ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် အမျိုးသားဆိုင်းတစ်ဦးချင်းပြိုင်ပွဲကိုကျင်းပရာ မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်ဟိန်း၊ ရန်ကုန်တိုင်းမှမောင်မျိုးဇော်ဟိန်း(ခ)မျိုးဇော်အောင်၊ ဧရာဝတီတိုင်းမှ မောင်လွင်ကိုကိုဦးနှင့် ရန်ကုန်တိုင်းမှ မောင်အောင်ဗိုလ်မင်းတို့ ပြိုင်ပွဲဝင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြိုင်ပွဲအစီအစဉ်များကို နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီတွင် ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဝါသနာရှင်အဆင့် ပထမတန်း(အမျိုးသား) နဲ့ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင် ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၅ မှ

စပ်လျဉ်းပြီး ကိုယ်စားလှယ် အစုအဖွဲ့ အသီးသီး၏ သဘောထားများကို ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ အလှည့်ကျ သဘာပတိက စာတမ်းပြုစုရေးအတွက် ပြည်နယ်နှင့် တိုင်းများမှ ကိုယ်စားလှယ် ၁၄ ဦးပါဝင်သော စာတမ်းပြုစုရေး အဖွဲ့ကို ဖွဲ့စည်းကာ တာဝန်ပေးအပ်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ဦးကံညွှန့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရုပ်သိမ်းလိုက်သည်။

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း (တောင်တွင်းဘိုသိန်း)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်နှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၇)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၄၇ဦး ရှိသည့်အနက် ကိုယ်စားလှယ် ၄၆ဦး တက်ရောက်လာသည့်အတွက် အစည်းအဝေး တက်ရောက်မှု ရာခိုင်နှုန်း ၉၇ ဒသမ ၈၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း(တောင်တွင်းဘိုသိန်း)က အဖွင့်အမှာစကားပြောကြားသည်

ထို့နောက် သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်နှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့်စပ်လျဉ်းပြီး ကိုယ်စားလှယ်အစုအဖွဲ့အသီးသီး၏ သဘောထားများရယူနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ပါမောက္ခ ဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွှန့်(ညွှန့်ဝေ–ကသာ)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ နည်းပညာပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဦးသိန်း၊ ဦးဘိုးစောနှင့် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈) ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၅၃ဦးတို့ တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၆၄ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ပါမောက္ခ ဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွှန့်(ညွှန့်ဝေ–ကသာ)က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်များအနက် သီးခြားအကြံပြုချက်များနှင့်စပ်လျဉ်းပြီး ကိုယ်စားလှယ်အစုအဖွဲ့အသီးသီး၏ သဘောထားများ ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အလှည့်ကျသဘာပတိ ဒေါက်တာသိန်းညွှန့် (ညွှန့်ဝေ–ကသာ)က တက်ရောက်လာကြသော အစုအဖွဲ့ကိုယ်စားလှယ်များအား ပြန်လည် ရှင်းလင်းတင်ပြပြီးနောက် အစုအဖွဲ့ ကိုယ်စားလှယ်များ၏ သဘောထားကိုရယူ၍ ဆွေးနွေးချက် စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ပါမောက္ခ ဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွှန့်

စာမျက်နှာ ၉ ကော်လံ ၁ သို့

18-10 (06) 1 10/18/06, 2:06 AM

ပြည်ပသုံးငွေယိုပေါက်တစ်ခုဖြစ်သော စားအုန်းဆီဝယ်ယူနေရခြင်းကို ရပ်တန့်ပြီး ပြည်တွင်းစားသုံးဆီဖူလုံရေး ဆီအုန်းစိုက်ကေဧကောဒ်ဂါးသိန်း ပြည့်မီအောင်စိုက်ပျိုး အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် စီမံကိန်း ရာနှုန်းပြည့် အောင်မြင်အောင်ကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၁၇

တနင်္သာရီတိုင်း ကော့သောင်းမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် အောက်တိုဘာ ၁၂ရက် နံနက်ပိုင်းက ကော့သောင်းမြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ ကော့သောင်းခရိုင် ခမောက်ကြီးမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ရောက်ရှိကြပြီး ရုံးစုဝေးခန်းမ၌ ခမောက်ကြီးမြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ဆက်လက်ကြိုးပမ်း

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများအား စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ခမောက်ကြီးမြို့ကို နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြအဖြစ် စည်ကားလာစေရန် စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ကော့သောင်း-ဘုတ်ပြင်း ကားလမ်းသည် ပြည်ထောင်စုလမ်းမကြီး ဖြစ်သဖြင့် ဤလမ်းမကြီးတစ်လျှောက်ရှိ ခမောက်ကြီး၊ ကရသူရီအစရှိသော မြို့များကို မြို့အင်္ဂါရပ်နှင့်အညီ အစိုးရရုံးများ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများ၊ လူနေရပ်ကွက်များကို စနစ်တကျစီစဉ်ပေးထားပြီးဖြစ်ရာ မြို့အင်္ဂါရပ်များ ပိုမိုပြည့်စုံ စည်ကားလာအောင် ဒေသခံပြည်သူများနှင့် တာဝန်ရှိဌာနဆိုင်ရာများက ဆက်လက်ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်လျက်ရှိရာ ဌာနဆိုင်ရာများနှင့် ပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခမောက်ကြီးဆေးရုံ ခြံစည်းရိုး ကာရန်အတွက် ငွေကျပ်ငါးသိန်းကို ဆေးရုံအုပ် ဒေါက်တာသန်းဝင်းထံ ပေးအပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဆေးရုံခြံစည်းရိုးကာရန် ငွေကျပ်နှစ်သိန်းကို ဆေးရုံအုပ်ထံပေးအပ်လှူဒါန်းပြီး အခမ်းအနားကိုရပ်သိမ်းလိုက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာကြရာ ကော့သောင်း-ကရသူရီ-ဘုတ်ပြင်းလမ်းအခြေအနေနှင့်လမ်းဘေးဝဲယာရှိ ဆီအုန်းပင်များ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြကာ နံနက် ၈နာရီ ၄၅မိနစ်တွင် ယုဇနကုမ္ပဏီလီမိတက်၏ ဆီကြိတ်စက်ရုံသို့ရောက်ရှိကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆီအုန်း လုပ်ငန်းရှင်များအား မှာကြားရာတွင် တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ဆီအိုးကြီးဖြစ်ရမည်ဟူသော ရည်မှန်းချက်ဖြင့် လုပ်ငန်းရှင်များအား ဆီအုန်းစိုက်ပျိုးရေးအတွက် တာဝန်ပေး ဆောင်ရွက်စေခဲ့ကြောင်း။

အောင်မြင်မှုရရှိ

နိုင်ငံတော် အကြီးအကဲကလည်း ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်ရာတွင် ငွေကြေးအရင်းအနှီးရှိပြီး လုပ်နိုင်ကိုင်နိုင်သော ကုမ္ပဏီကြီးများကို အားထားတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး လိုအပ်သောအကူအညီအထောက်အပံ့များကို နိုင်ငံတော်အနေဖြင့် လည်းကောင်း၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက လည်းကောင်း ပံ့ပိုးကူညီပေးခဲ့ကြကြောင်း၊ ယခုအခါ ယုဇနကုမ္ပဏီသည် နိုင်ငံတွင်း ဆီအုန်းစိုက်ဧက ၈၆၇၃၈ ဖြင့် အများဆုံးစိုက်ပျိုးထားသော ကုမ္ပဏီဖြစ်ကြောင်း၊ ယင်းသို့စိုက်ပျိုးခဲ့ရာတွင် ကုမ္ပဏီအနေဖြင့် အခက်အခဲ အကျပ်အတည်းများစွာကို ရင်ဆိုင်ဖြေရှင်းခဲ့ပြီးမှ အောင်မြင်မှု ရရှိနေခြင်းဖြစ်ကြောင်း။

ဆီအုန်းကုမ္ပဏီ အားလုံးတို့အား မှာကြားလိုသည်မှာ ပြည်ပ သုံးငွေယိုပေါက်တစ်ခုဖြစ်သော စားအုန်းဆီဝယ်ယူနေရခြင်းကို ရပ်တန့်ပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီအုန်းစိုက်ဧက ငါးသိန်း အမြန်ဆုံး ပြည့်မီအောင် စိုက်ပျိုးကြရာတွင် အချိန်စောလေ နိုင်ငံတော်နှင့်ပြည်သူ အတွက်ရော၊ ကုမ္ပဏီအတွက်ပါ အကျိုးစောစွာရရှိခံစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လျာထားချက်အတိုင်း အပြည့်အဝ စိုက်ပျိုးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ထို့အတူ ဆီအုန်းကုမ္ပဏီများအနေဖြင့် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ညှိနှိုင်းပူးပေါင်း ကူညီ ဆောင်ရွက်ခြင်းဖြင့် ဆီအုန်းစိုက်ပျိုးရေး စီမံကိန်း ရာနှုန်းပြည့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

ပြုပြင်ထိန်းသိမ်း

တစ်ဆက်တည်းပင် ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်မည့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း ဆီအုန်းကုမ္ပဏီတိုင်းက စိုက်ဧကများများ စီးပွားဖြစ်စိုက်ပျိုးသွားရန် မှာကြားလိုကြောင်း၊ ထို့အတူ မိမိတို့ ဆက်သွယ်သွားလာနေသည့် ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီးကိုလည်း မိမိတို့ ဆီအုန်းခြံနယ်မြေ အပိုင်းအခြားအလိုက် ရေမြောင်းဖောက်လုပ်ခြင်း၊ လမ်းသား ပျက်စီးမှုများ ပြုပြင်ဖာထေးခြင်း ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

မေးမြန်းဆွေးနွေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်း-ဘုတ်ပြင်း လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာကြရာ ကရသူရီမြို့နယ် အောင်ဘာကျေးရွာနှင့် တောင်ပိုင်းမော်ကျေးရွာကြား ပိုကောင်းကုမ္ပဏီလီမိတက် ဆီအုန်းစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆီသီးခိုင်များ နှစ်စဉ်တိုးတက်ထွက်ရှိနေမှု အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီး(အရှည် ၁၂၉မိုင်)၏ လက်ရှိကျောက်သားလမ်းပိုင်း အချို့နေရာများ၌ မိုးတွင်းကာလ ရေတိုက်စားပျက်စီးနေမှုများကို အမြန်ဆုံး ပြုပြင်ရေး၊ လမ်းပိုင်းရှိ တံတားများ အမြန်ပြီးစီးရေး၊ ကျောက်သားလမ်းပိုင်းတို့အား ကတ္တရာခင်းကျင်းရေးတို့ အတွက်လမ်းတည်ဆောက်ရေးတာဝန်ခံ VES Group Co., Ltd. စီမံကိန်းမန်နေဂျာ ဦးညွန့်လှိုင်အား ဆွေးနွေးမေးမြန်းသည်။

အမြန်ပြီးစီးရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လမ်းတည်ဆောက်ရေးကုမ္ပဏီအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍လမ်းနှင့်တံတားများ အမြန်ဆုံးပြီးစီးရေးကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီးရှိ ချောင်းကဗျာတံတားသို့ရောက်ရှိကြရာ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်က ကြိုဆိုနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ချောင်းကဗျာတံတား(အရှည်ပေ ၇၀)ကို သစ်သားတံတားအဖြစ် ပြန်လည် တည်ဆောက်ထားရှိမှု အခြေအနေနှင့် ချောင်းကဗျာ၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ကရသူရီမြို့သို့ရောက်ရှိလာပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကရသူရီ အုပ်ချုပ်ရေးမှူး ဦးအောင်မင်းကြည်က ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကရသူရီမြို့တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ကရသူရီမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ရေး၊ ပညာရည်မြင့်မားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ကရသူရီမြို့အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်းကို ကျောင်းအုပ်ကြီး ဦးမြင့်သန်းထံပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီးနောက် မြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အအုံ တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကရသူရီမြို့မှ ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက်ရှိ လမ်းပိုင်း၊ တံတားနှင့် ဆီအုန်းစိုက်ခင်းများအား လှည့်လည်ကြည့်ရှု စစ်ဆေးကြကာ ညနေပိုင်းတွင် ဘုတ်ပြင်းမြို့သို့ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ချောင်းကဗျာတံတားကို သစ်သားတံတားအဖြစ် ပြန်လည်တည်ဆောက်ထားရှိမှုနှင့် ချောင်းကဗျာချောင်း၏ ရေစီးရေလာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် အမှတ်(၄၁) ကြေးတိုင်စု ၂လမ်း ပိန္နဲကုန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့နေ မိခင်ကြီးဒေါ်သိန်းတင်(အသက် ၁၀၂နှစ်)အားအမှူးထားပြီး ဦးစိုးဝင်း၊ ဒေါ်မေမေကြည်(ခ)ဒေါ်ထွန်းကြည်၊ သား မောင်မိုးဟိန်းဝင်း၊ သမီး မထက်ထက်ဝင်း-မောင်စိုင်းဝင်းမြင့်၊ မသက်သက်ဝင်းမိသားစုက အကျိုးဆောင်ဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒာ)၏ ရှေ့မှောက်တွင် အလှူငွေကျပ်တစ်သိန်းတစ်သောင်း ပေးအပ်လှူဒါန်းရာ အမှုဆောင်ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

ပိဋကတ်သုံးပုံဖြေဆိုတော်မူသော သံဃာတော်များအား ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းပူဇော်နိုင်

ရန်ကုန် အောက်တိုဘာ ၁၇

(၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ကြွရောက်ဖြေဆိုတော်မူကြမည့် သာသနာ့အာဇာနည်လောင်းလျာ စာပြန်စာဖြေသံဃာတော် အရှင်မြတ်တို့အား တိပိဋကဓမ္မရက္ခိတအဖွဲ့ကြီးက ကြီးမှူးဆက်ကပ်အပ်သော ဆွမ်းအစရှိသည့် ပစ္စည်းလေးပါးလှူဒါန်းပူဇော်မှုကို နိုဝင်ဘာ ၁၈ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၈ရက်အထိ ရက်ပေါင်း ၂၇ရက်တိုင်တိုင် ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်သည်။ တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းလိုကြသည့် အလှူရှင်များသည် အဖွဲ့တည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံအရှေ့ဘက်မုခ် အမှတ် ၁၅၊ ကြားတောရလမ်းရှိ အဖွဲ့ဗိမာန်တော်ခန်းမသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၃၈၂၁၁၁ နှင့် ၂၄၈၂၂၄တို့သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တိုင်းရင်းသားများ မိမိတို့၏ဘဝငြိမ်းချမ်းမှု၊ အေးချမ်းမှု၊ တည်ငြိမ်မှု မြတ်နိုးလိုလားသူများဖြစ် နိုင်ငံတော်အစိုးရက ပြည်သူများ အေးချမ်းသာယာစွာနေထိုင်နိုင်ရေး အစဉ်အမြဲစောင့်ရှောက်ကူညီ ဒေသအားလုံး တစ်ပြိုင်တည်းပြည့်စုံစွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ပြီးမြောက်အောင်မြင်အောင် ကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီခွဲတွင် မြစ်ကြီးနားမြို့နယ် ပမ္မတီးကျေးရွာအုပ်စုရှိ သီရိဘက်စုံစိုက်ပျိုးရေးကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးခြံကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

နန်းကွေ့ချောင်းကူး ရွှေအိုက်တံတား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နန်းကွေ့ချောင်းကူး ရွှေအိုက်တံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ သီရိဘက်စုံ စိုက်ပျိုးရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်သီဟက ဧက ၂၀၀၀ ကျယ်ဝန်းသည့် ကုမ္ပဏီ၏ စိုက်ပျိုးရေးခြံ၌ အဓိကအားဖြင့် ကျွန်းစိုက်ပျိုးလျက်ရှိကြောင်း၊ ကျွန်းနှင့်အတူ ပျဉ်းကတိုး၊ တညင်း၊ ရော်ဘာ၊ ရှောက်မျိုးနွယ်များ၊ ပန်းနှမ်းနှင့် ကြက်ဆူပင်များကိုလည်း စိုက်ပျိုးထားရှိပါကြောင်း၊ ယခုအခါ ၈၄၈ ဧကေ၌ သစ်ပင်များ စိုက်ပျိုးပြီးစီးပြီး ၂၀၀၇ ခုနှစ်တွင် စိုက်ပျိုးရေးခြံ ဧက ၂၀၀၀ အပြည့်အဝ စိုက်ပျိုးပြီးစီးအောင် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးခြံအတွင်း ဒေသကြက်၊ ရှားပါးသည့် အသားမည်းကြက်၊ဘဲငန်း၊ မန်ဒါလီ၊ ဒေါင်း၊ ကြက်ဆင်၊ ကျွဲ၊ နွား၊ ဝက်တို့ကို ဘေးမဲ့လွှတ်ထားပြီး ငါးမွေးကန်တူးဖော်၍ ငါးမြစ်ချင်း၊ မြက်စား ငါးကြင်းစသည့် ငါးများကို မွေးမြူလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်က ပြည်နယ်အတွင်း နှစ်ရှည်ပင်စိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ ဖြစ်ထွန်းအောင်မြင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဒင်က သီရိဘက်စုံစိုက်ပျိုးရေး ကုမ္ပဏီလီမိတက် စိုက်ပျိုးရေးခြံနှင့်ဆက်စပ်လျက်ရှိသည့် ပိတောင်ဘေးမဲ့တောနှင့် စပ်လျဉ်းသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို အားပေးမှာကြားပြီး စိုက်ပျိုးရေးခြံကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျွန်းပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယင်းနောက်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (မြစ်ကြီးနား)သို့သွားသည့် ကားလမ်းပေါ်ရှိ နန်းကွေ့ချောင်းကူး ရွှေအိုက်တံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြရာ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၅) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်က တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရွှေအိုက်တံတား

ရွှေအိုက်တံတားမှာ အရှည်ပေ ၂၇၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၂ပေရှိမည့် တံတားဖြစ်သည်။ တံတားအောက်ခြေကို သစ်သားပိုင်တိုင် အုတ်မြစ်အမျိုးအစားအဖြစ် လည်းကောင်း၊ တံတားအပေါ်ထည်ကို သံပေါင်နှင့် သစ်သားရက်မ၊ သစ်သားကြမ်းခင်း တံတားအဖြစ် လည်းကောင်း တည်ဆောက်နေခြင်းဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ၁၃ တန် ဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းက ခြံစည်းရိုးကြက်ဆူ ဧက ၁၀၀နှင့် ရော်ဘာ ၃၁ဧက စိုက်ပျိုးထားမှု အခြေအနေများကို ရှင်းလင်းပြသသည်။

ပူတာအိုမြို့ရောက်ရှိ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် လေယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ ရောက်ရှိကြရာ ပူတာအို လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပူတာအိုလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပူတာအိုခရိုင် အင်ဂျင်နီယာမှူး ဦးဒေးဗစ်ဘရန်ရှောင်က ပူတာအို လေဆိပ်လေယာဉ်ပြေးလမ်း မျက်နှာပြင်လွှာညှိခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပူတာအိုမြို့မှ ခေါင်လန်ဖူးမြို့သို့ ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ခေါင်လန်ဖူးမြို့ခန်းမဆောင်သို့သွားရောက်ကြပြီး ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံ ရဝမ်၊ လီဆူးတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်၍ နေထိုင်စားသောက်ရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ စီးပွားရေး၊လူမှုရေး အခြေအနေများကို မေးမြန်းသည်။

ထို့နောက် ခေါင်လန်ဖူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်က ခေါင်လန်ဖူးမြို့နယ်၏ လူဦးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို နယ်မြေခံ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးမှုများရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ခေါင်လန်ဖူးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက် ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပြည်နယ်၏ အနီးကပ် ပံ့ပိုးအထောက်အကူ ပြုမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခြေခံပညာအထက်တန်းကျောင်းများ၌ လိုအပ်နေသည့် ဘာသာရပ်အလိုက် ဆရာ ဆရာမများ ဖြည့်စွက်ခန့်ထားရေး၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများအား ကျန်းမာရေးဆိုင်ရာ သင်တန်းများသို့ တက်ရောက်စေပြီး မိမိဒေသ၌ပင် ပြန်လည် တာဝန်ထမ်းဆောင်ရေး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ခေါင်လန်ဖူး–မခွေဇ ကားလမ်းပေါက်အောင် အမြန်ဆုံးဖောက်လုပ်ရေး၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံများ ညီညီညွတ်

ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို မှာကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ဆက်လက်၍ ဝန်ကြီးချုပ်က ခေါင်လန်ဖူးဒေသသို့ ရာသီဥတု ကောင်းမွန်မှုကြောင့် မိမိတို့ရောက်ရှိလာပြီး ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံခွင့်ရသဖြင့် များစွာဝမ်းသာကြည်နူးမှုဖြစ်ရကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ကချင်ပြည်နယ်အတွင်းရှိ ဒေသများသို့ အတတ်နိုင်ဆုံး သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးကို ပံ့ပိုး ဖြည့်ဆည်းပေးရန် မိမိတို့အား မှာကြားလိုက်ကြောင်း။

ဤဒေသ၌နေထိုင်ကြသည့် မိမိတို့၏တိုင်းရင်းသားများသည် မိမိတို့၏ ဘဝငြိမ်းချမ်းမှု၊ အေးချမ်းမှု၊ တည်ငြိမ်မှုကို မြတ်နိုးလိုလားသူများ ဖြစ်ကြကြောင်း။

အစဉ်အလာအရလည်း အေးချမ်းစွာဖြင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုသာ အလေးထား ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ဤအရပ်၊ ဤဒေသများသည် သောင်းကျန်းမှုကင်းစင်သော ဒေသများ ဖြစ်ကြကြောင်း။

အောင်မြင်အောင်ကြိုးပမ်း

ယနေ့ တပ်မတော်အစိုးရအနေဖြင့် မိမိတို့၏ပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် အစဉ်အမြဲ ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းအားလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားထုတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း ဒေသအားလုံး တစ်ပြိုင်တည်း ပြည့်စုံစွာ ဖွံ့ဖြိုးတိုးတက်လာရေးလုပ်ငန်းကို ပြီးမြောက်အောင်မြင်အောင် မိမိတို့ များစွာကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ စိတ်အေးလက်အေး အေးချမ်းသာယာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် အစဉ်အမြဲ စောင့်ရှောက်ကူညီသွားမည်သာ ဖြစ်ကြောင်း။

လက်တွဲပူးပေါင်းဆောင်ရွက်

ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရ ကိုယ်စားတာဝန်ယူ ဆောင်ရွက်ကြရသည့် ဝန်ထမ်းများအနေဖြင့် စိတ်ကောင်း၊ စေတနာကောင်းထား၍ မိမိရောက်ရှိတာဝန်ထမ်းဆောင်ရသည့် ဒေသဖွံ့ဖြိုးတိုးတက်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းများ ဆက်တိုက်ဖြစ်ထွန်းနေအောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့ များကလည်း နိုင်ငံတော်နှင့်အတူ မိမိဒေသ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ခေါင်လန်ဖူးမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပစ္စည်းများကို တာဝန်ခံဆရာဝန်အား ပေးအပ်သည်။

ဆန်များပေးအပ်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့နယ် ပမ္မတီးကျေးရွာအုပ်စုရှိ သီရိဘက်စုံ စိုက်ပျိုးရေးကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၆ မှ

(ညွန့်ဝေ-ကသာ)က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက်၉ နာရီခွဲတွင် ရပ်နားလိုက်သည်။

အခြားဖိတ်ကြားသင့်သည့်
ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလုပ်ကျ သဘာပတိအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၈၉ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၈၇ ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၇၅ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလုပ်ကျသဘာပတိ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက အဖွင့် အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က ကောက်နုတ် စုစည်းတင်ပြချက်များအနက် သီးခြား အကြံပြုချက်များနှင့်စပ်လျဉ်းပြီး ကိုယ်စားလှယ် အစုအဖွဲ့အသီးသီး၏ သဘောထားများ ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ပြည်နယ် ငှက်ဖျားဆရာဝန် ဒေါက်တာချမ်းသာ(ခ) ဦးညီညီနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)မှ ဦးစဝ်ကိုင်ဖတို့က တက်ရောက်လာကြသော အစုအဖွဲ့ကိုယ်စားလှယ်များအား ပြန်လည်ရှင်းလင်းတင်ပြပြီးနောက် အစုအဖွဲ့ကိုယ်စားလှယ်များ၏ သဘောထားကို ရယူ၍ စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ထို့နောက် အလုပ်ကျသဘာပတိ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့ကြောင့်လည်း ကချင်ပြည်နယ်၌ မြစ်ကြီးနားနှင့် ဗန်းမော်ဒေသများတွင် ဖွံ့ဖြိုးရေးဒေသများအဖြစ် ပေါ်ထွက်လာပြီး တက္ကသိုလ်၊ ကောလိပ်များ၊ အဆင့်မြင့်ဆေးရုံများ စသည့် လူ့အရင်းအမြစ်ပြုစုပျိုးထောင်စောင့်ရှောက်ရာအဖွဲ့အစည်းဌာနများဖြင့် ကြွားကြွားဝါဝါ ရပ်တည်လာနေခြင်းဖြစ်ကြောင်း၊ ထို့အပြင် လူဦးရေများပြားပြီး အချက်အချာကျသည့် မိုးညှင်းဒေသကဲ့သို့ ဒေသမျိုး၌လည်း အဆင့်မြင့်ပညာ သင်ကြားနိုင်အောင် ကြားညှပ်ပြီး စီမံဆောင်ရွက်ပေးထားကြောင်း၊ ထို့ကြောင့် တစ်ချိန်တစ်ခါက ရန်ကုန်၊ မန္တလေးစသည့်မြို့ကြီးပြကြီးများကိုသာ သွားရောက်ပြီး အဆင့်မြင့်ပညာ သင်ကြားရသည့် ပညာရေးစနစ်ဟောင်းသည် ချုပ်ငြိမ်းသွားပြီး ပညာသင်ကြားမှု အခွင့်အလမ်းများသည် ဒေသအလိုက် ပိုမိုကျယ်ပြန့်စွာ ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်း၌ ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုရှိခဲ့ရာမှ ယနေ့ဆိုလျှင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၆ ခုအထိရှိလာပြီဖြစ်သည့်အတွက် ခြုံလိုက်မည်ဆိုလျှင် နိုင်ငံတော်၏ အချက်အချာကျသည့် ဒေသတိုင်းလိုလို၌ အဆင့်မြင့်ပညာကို လက်လှမ်းတမီ သင်ယူနိုင်သည့် အခြေအနေကောင်းများ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် နှစ်ကာလရှည်ကြာစွာ တည်ငြိမ်အေးချမ်းမှုမရှိ၊ လုံခြုံမှုမရှိမှုများကြောင့် အဘက်ဘက်မှ တိုးတက်မှုများ ထိခိုက်တုံ့နှေးခဲ့ရပြီးဖြစ်ကြောင်း၊ ဤနေ့ဤအချိန်တွင် ကချင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားပြည်သူများသည် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၏ အကျိုးရလဒ်များကို လက်တွေ့ ကိုယ်တိုင်ကိုယ်ကျ ခံစားနေကြရပြီဖြစ်ကြောင်း၊ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု ခိုင်မြဲမှုလည်း ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်သာယာရေးကို ဖော်ဆောင်နိုင်စွမ်းရှိမည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်သာယာမှုကို ရေရှည်တည်တံ့အောင် ပြုစုထိန်းသိမ်းစောင့်ရှောက်နိုင်မည်လည်းဖြစ်ကြောင်း။

မိမိတို့၏ နောင်လာနောက်သား မျိုးဆက်သစ်များအား မငြိမ်းချမ်းသည့်ဘဝ၊ ဆင်းရဲကျပ်တည်းသည့် ဘဝမျိုး လက်ကမ်းမပေးဘဲ၊ ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်နေသည့် အမွေခံကောင်း၊ အခြေခံကောင်းများကို လက်ဆင့်ကမ်းပေးနိုင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံသားအားလုံးတာဝန်

ဤကဲ့သို့ အမွေခံ ပတ်ဝန်းကျင်ကောင်းကို လက်ဆင့်ကမ်းပေးနိုင်ရေးသည် နိုင်ငံတော်အစိုးရ တစ်ရပ်တည်း၏ တာဝန်မဟုတ်ဘဲ ဤမှာ ရှိနေကြသည့် ဆရာ ဆရာမများ၊ ကျောင်းသားများ၊ နိုင်ငံ့ဝန်ထမ်းများ စသည့် နိုင်ငံတော်၏ အရိပ်ကို ခိုလှုံနေကြသော လက်ငင်းပစ္စုပ္ပန်လူသား နိုင်ငံသားအားလုံး၏ တာဝန်လည်းဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် မိမိတက္ကသိုလ်/ကောလိပ်၏ စာသင်ခန်း၊ မိမိ၏ ပရဝဏ် အတွင်း၌လည်းကောင်း၊ ရုံးဝန်ထမ်းများသည် ရုံးအဆောက်အအုံအတွင်း၌လည်းကောင်း၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများသည် ဆေးရုံလူနာဆောင်များအတွင်း၌လည်းကောင်း မိမိတို့၏ဘဝကို ကန့်သတ်တုပ်နှောင် မနေတော့ဘဲ ကျယ်ပြန့်သည့် မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပါ တစ်သားတည်း ဆက်စပ်လာနေ၍ပင် ဖြစ်ကြောင်း။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ တိုင်းရင်းသားတိုင်းရင်းသူများ ပင်မဆောင်ရှေ့၌ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

တိုင်းပြည်၌ ပြည်သူလူထုအများစုအနေဖြင့် ထိုက်တန်သည့်ပညာရည် အဆင့်အတန်း အခြေခံရှိနေရန်လိုအပ်သည့်အပြင် ထူးချွန်သောပညာတတ် လူ့အရင်းအမြစ်များ လုံလုံလောက်လောက်ရှိနေရန်လိုအပ်ကြောင်း၊ သို့မှလည်း တိုင်းပြည်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် တည်ဆောက်ထူထောင်နိုင်မည်ဖြစ်သကဲ့သို့အောင်မြင်ဖြစ်ထွန်းလာသည့် အသီးအပွင့်များကိုလည်း ရေရှည်တည်တံ့အောင်၊ ထိန်းသိမ်းစောင့်ရှောက်နိုင်အားရှိမည်ဖြစ်ကြောင်း၊ တိုင်းပြည်၌ သဘာဝသယံဇာတ အရင်းအမြစ်များရှိရန်လိုအပ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ခိုင်ခိုင်မာမာရှိနေရန်လည်း အထူးလိုအပ်ခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက **"ပညာရည်မြင့်မားမှသာ၊ မိမိလူမျိုး ကြီးပွားတိုးတက်စေရန်စွမ်းဆောင်မှာဖြစ်သဖြင့် နိုင်ငံနှင့်အဝန်းတွင် တိုင်းရင်းသားလူမျိုးအားလုံး ပညာရည်မြင့်မားပြီး အတွေးအခေါ်၊ အကြံအစည်၊ အားထုတ်မှု၊ ဖန်တီးနိုင်မှုစသည့် အရည်အချင်းများ ဖြစ်ထွန်းကာ ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း"** လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း။

ဤလမ်းညွှန်မှုများနှင့်အညီ နိုင်ငံတော်အစိုးရသည် တိုင်းပြည်၌ ပညာတတ်တိုင်းရင်းသား လူ့အရင်းအမြစ်များ များများမွေးထုတ်နိုင်အောင်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေအောင် ကြိုးပမ်းစီမံဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ ပြည်သူများအားလုံး အေးအေးချမ်းချမ်း၊ လုံလုံခြုံခြုံသွားလာနေထိုင် အလုပ်လုပ်နိုင်ရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးချဲ့ ပွင့်လန်းလာရေး၊ သက်တမ်းစေ့ကျန်းကျန်းမာမာနေနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး စသည့် လူမှုဘဝ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်အောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့ ကြိုးပမ်းတည်ဆောက်ရာတွင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အဆိုနှင့်အညီ နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် တပ်မတော် ဦးထမ်းပဲ့ထမ်း ဟန်ချက်ညီညီ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံတော်တစ်ရပ်လုံးရော၊ ပြည်နယ်၊ တိုင်းအသီးသီးပါ အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်မှုများရနေခြင်းဖြစ်ကြောင်း။

ကိုယ့်ခွန်ကိုယ့်အား

နိုင်ငံရေးအရ ဖိအားပေးမှု၊ စီးပွားရေးအရ ပိတ်ဆို့ကန့်သတ်မှု၊ သံတမန်ရေးအရ အထီးကျန်နိုင်ငံဖြစ်အောင် အမျိုးမျိုးသော စွပ်စွဲလုပ်ကြံဖန်တီးမှုစသည့် ပြည်ပနိုင်ငံကြီးအချို့၏ အကျပ်ကိုင်မှုများကို နိုင်ငံတော်အနေဖြင့် ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်နေရသည့်ကြားမှပင် ကိုယ့်ခွန်ကိုယ့်အားကိုအခြေခံပြီး ယခုကဲ့သို့ တိုင်းပြည်တိုးတက်အောင်၊ ပြည်နယ်၊ တိုင်းများ အပြိုင်အဆိုင် ဖွံ့ဖြိုးလာအောင်လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းသည် တိုင်းပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်၊ ပြည်ထောင်စုကြီးကို မြတ်နိုးတွယ်တာသည့် စိတ်တို့ကိုအရင်းခံပြီး ဖိဖိစီးစီး အလုပ်လုပ်နိုင်ကြ၍ ညီညွတ်မှု၊ စည်းလုံးမှု၊ ငြိမ်းချမ်းမှုများရှိကြ၍ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် မြစ်ကြီးနား အစိုးရနည်းပညာကောလိပ်သည် ထူးချွန်ထက်မြက်သည့် အတတ်ပညာရှင်များ ပေါ်ထွက်လာအောင် ကြိုးစား ဆောင်ရွက်ရင်း မိမိတို့ကောလိပ်၏ ဂုဏ်သိက္ခာနှင့်အရည်အသွေးကို ထည်ဝါတင့်တယ်အောင် မဆုတ်မနစ် ကြိုးစားသယ်ပိုး ဆောင်ရွက်ကြပါဟု တိုက်တွန်းကြောင်း၊ ထို့အပြင် ၂၁ ရာစုအတွင်းတွင် ကမ္ဘာကြီး၏ အခြေအနေသည် နီးနီးကပ်ကပ် ဆက်စပ်ယှက်နွယ်ပြီး မြန်မြန်ဆန်ဆန် ပြောင်းလဲတိုးတက်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း သိပ်သည်းကျစ်လျစ် စုစည်းသည့်အား၊ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သည့်အားတို့ကို အခြေခံပြီး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းပြည်နှင့်လူမျိုးကိုချစ်သည့် စိတ်ဓာတ်တို့ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို မဖြစ်မနေ ကြိုးပမ်းတည်ဆောက်ကြပါစို့ဟု ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Computer Room၊ Language Lab Room၊ e- Library၊ Laboratory Equipment နှင့် Drawing Room များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အစိုးရနည်းပညာကောလိပ် (မြစ်ကြီးနား) တည်ဆောက်ရေး စီမံကိန်းကို Ever Green Co.,Ltd.က တာဝန်ယူ အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြစ်သည်။

ပင်မဆောင်မှာ သုံးထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။ ပေ ၁၂၀ x ပေ၈၀ရှိ Assembly Hall တစ်ခန်း၊ ပေ ၄၀ x ပေ၃၀ ရှိ စာသင်ခန်း ၄၀၊ ကွန်ပျူတာနှစ်ခန်း စသည်တို့ ပါရှိသည့် အလျား ၅၁၃ပေ၊ အနံ ၃၅၈ပေရှိ အဆောက်အအုံဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား) စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တိုင်းပြည်၌ ပြည်သူလူထု အများစုအနေဖြင့် ထိုက်တန်သည့် ပညာရည် အဆင့်အတန်း အခြေခံရှိနေရန် လိုအပ်သည့်အပြင် ထူးချွန်သောပညာတတ် လူ့အရင်းအမြစ်များ လုံလုံလောက်လောက်ရှိနေရန် လိုအပ်၊ သို့မှလည်း တိုင်းပြည်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင်တည်ဆောက်ထူထောင် နိုင်မည်ဖြစ်သကဲ့သို့ အောင်မြင် ဖြစ်ထွန်းလာသည့် အသီးအပွင့်များကိုလည်း ရေရှည်တည်တံ့အောင်၊ ထိန်းသိမ်းစောင့်ရှောက်နိုင်အား ရှိမည်ဖြစ်၊ တိုင်းပြည်၌ သဘာဝ သယံဇာတ အရင်းအမြစ်များရှိရန် လိုအပ်သကဲ့သို့ လူ့စွမ်းအားအရင်း အမြစ်များ ခိုင်ခိုင်မာမာရှိနေရန်လည်း အထူးလိုအပ်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးများသည် ခေါင်လန်ဖူးမြို့နယ်မှ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအတွက် ယူဆောင်လာသည့် ဆိုင်ကယ်နှစ်စီး အပါအဝင် အဝတ်အထည်များ၊ ဆန်၊ စားအုန်းဆီ၊ အိုင်အိုဒင်းဆား၊ ဖယောင်းတိုင်၊ စားသောက်ကုန်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝတ်စုံများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား ပေးအပ်ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခေါင်လန်ဖူးမြို့ ဖွံ့ဖြိုးတိုးတက်လာမှုများ၊ ရုံးအဆောက်အအုံနှင့် လူနေအိမ်များ တိုးတက်လာမှုများ၊ ခေါင်လန်ဖူးမြို့၏ သာယာလှပမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ဒုဋ္ဌဝတီမြစ်ရေ
မြစ်ငယ်မြို့
စိုးရိမ်ရေမှတ်

ရန်ကုန် အောက်တိုဘာ ၁၇

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၉၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀အောက်သို့ ကျဆင်းနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုဂုဏ်အင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသဘင်

နိုင်ငံအသီးသီးတွင် သူ့ယဉ်ကျေးမှုနှင့်သူ ရှိနေကြပါသည်။ကျွန်တော်တို့တွင်လည်း ကျွန်တော်တို့၏ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်ယဉ်ကျေးမှု ကိုယ့်ဟန်နှင့်ကိုယ် ရှိကြပါသည်။

ယဉ်ကျေးမှုတစ်ရပ်စုဖွဲ့ဖြစ်ပေါ်လာဖို့ဆိုသည်မှာ ရှည်လျားလှသော သမိုင်းကြောင်းတစ်ရပ် ရှိခဲ့ရသည်။ ရှည်လျားလှသော ဘိုးဘွားတို့၏ ကြိုးပမ်းမှု၊ ကာကွယ်စောင့်ရှောက်ပြုစုပျိုးထောင်မှုတွေကိုတွေ့ရပေမည်။ သမိုင်းတင်တွင်ရစ်သော ပညာရှင်များရှိခဲ့သလို သမိုင်းမတွေ့ မေ့ပျောက်ခဲ့ရသောအမွေအနှစ်တို့လည်း ရေတွက်နိုင်မည်မဟုတ်ပါ။မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ကတော့ သူတို့၏ကျေးဇူးတွေကို မေ့ပျောက်ပစ်ဖို့တော့ မထိုက်၊ အမြဲတစေ ဂုဏ်ပြုစကားဆိုနေရမည်သာ ဖြစ်ပါသည်။

ထိုများပြားလှသော ကျေးဇူးရှင်ဘိုးဘွားများထဲတွင် ဂီတနက်သန် ကိုစောညိန်းလည်း တစ်ခန်းတစ်ကွက်အနေဖြင့် ပါဝင်နေလေသည်။ သူ့ခေတ်သူ့အခါက အနုပညာလောကတွင် သူသည် ငယ်ရွယ်လှသည်။ သူ့ကို ၁၉၂၅မှာမွေးပြီး ၁၉၅၂ခုနှစ် အသက် (၂၇)နှစ် ငယ်ငယ်ရွယ်ရွယ်နှင့် သူချစ်သော အနုပညာလောကကြီးကို ကျောခိုင်းထွက်ခွာသွားခဲ့ရှာသည်။ သူထာဝရခွဲခွာသွားခဲ့သော်လည်း သူ့ရင်တွင်းတေးများကတော့ ယနေ့ နှစ်ပေါင်း၅၀ကျော်လာသည့်တိုင် ရှင်သန်နေဆဲ၊ ပွင့်ဖူးနေဆဲပါ။ ကျွန်တော်သည် သူ၏ ပွင့်ဦးသီချင်းလေးထဲက စာသားလေးတချို့ကို နှုတ်မှာ တိုတိုညင်းညင်း ညည်းကြည့်မိလိုက်သည်။

"ဆက်သွယ်သန္တတိ၊ မမြဲသောရုပ်နာမ်ပြောင်းလဲလို့ရယ် ဖြစ်ပြန်ပျက်ပြန် အချစ်မှန်တရားရယ်၊ မူလွန်းတဲ့သူရယ်၊ ပွင့်ဦးကြွေမှဖြင့်ကွယ်၊ မပန်စေချင်ရက်တော့တယ်"

သီချင်းလေးက အချစ်သီချင်းလေးပါ။ သို့သော်လည်း ထိုသီချင်းလေးထဲတွင် တရားသဘောလေးတွေပါနေသည်။ "ဆက်သွယ်သန္တတိ၊ မမြဲသောရုပ်နာမ် ပြောင်းလဲလို့ရယ်"

ကျွန်တော်တို့ထေရဝါဒဗုဒ္ဓဘာသာမှာ **"သန္တတိ"** ဆိုသည့်စကားလုံး ဝေါဟာရလေးသည် အလွန်မှနက်နဲသော အဓိပ္ပာယ်ရှိနေပါသည်။ ဆက်သွယ်ပေါင်းစပ်ပေါင်းကူးနေသော သန္တတိသဘော ဆက်သွယ်သန္တတိတဲ့၊ ဘယ်လောက်အဆင့်မြင့်လိုက်တဲ့ အသုံးအနှုန်းပါလဲ၊ သန္တတိဆိုတဲ့ ရုပ်ကလာပ်ကလေးတွေ နာမ်ကလာပ်ကလေးတွေ ပေါင်းစည်းမှုသဘောကို ကျွန်တော်သည်ပင်လျှင် ယခုအသက် ၆၀ကျော်မှ ခပ်ရေးရေးသဘောပေါက်ခဲ့ရပါ၏။ သန္တတိဃနဆိုရာ သန္တတိဟူသည် မပြတ်စပ်လျက်ဖြစ်သော ရှေ့နောက်အစဉ်ဖြစ်သည်။ ဃနဟူသည် တလုံးတစည်းတည်း တစ်ခုတည်းဖြစ်သည်။ ဖြစ်ရုပ်များသည် ရှေ့နောက်အစဉ်အားဖြင့် တစ်ခုစီတစ်ခုစီ အပိုင်းအပိုင်းအပြတ်အပြတ်ဖြစ်ပါလျက် တစ်ခုတည်းသဖွယ်ဖြစ်ပေါ်နေကြ၏။ ရုပ်နာမ်သရုပ်ကို သဘောပေါက်လျှင်၊ မမြဲသောရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုမြင်လျှင်၊ ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ငါပိုင်ငါဆိုင် မဟုတ်ခြင်းဆိုတဲ့ လက္ခဏာတွေကို မြင်ပြီဆိုလျှင် အဆင့်မြင့်သော ဉာဏ်စဉ်ကို ဆုပ်ကိုင်မိပြီဟု ဆိုရတော့သည်။

သန္တတိ ဆိုသည့် စကားလုံးဝေါဟာရကိုပင် ကြားရခဲသည်။ တချို့ကြားပင်မကြားဖူး။ ထိုအနှစ်အဓိပ္ပာယ် ပြည့်ဝလှသောစကားလုံးလေးကို ငယ်ရွယ်လှသောအနုပညာရှင် ကိုစောညိန်းက သူ၏ ပွင့်ဦးသီချင်းတွင် လှလှပပထည့်သွင်း သုံးစွဲသွားခဲ့လေသည်။

ဂီတနက်သန် ကိုစောညိန်းသည် သူ့သက်တမ်းတိုတိုလေးအတွင်း သီချင်းအပုဒ် ၆၀ခန့်ရေးစပ်ခဲ့သည်ဟု သိရသည်။ ပန်းချီဘက်တွင်လည်း မဂ္ဂဇင်းများတွင် တန်းဝင်အောင် ရေးဆွဲနိုင်ခဲ့သည့် ပန်းချီဆရာတစ်ဦး ဖြစ်ခဲ့သည်။ ဝတ္ထုများရေးခဲ့သည့် စာရေးဆရာ၊ ဆောင်းပါးများပြုစုခဲ့သည့် ဆောင်းပါးရှင်၊ ကဗျာများမွေးထုတ်ခဲ့သည့် ကဗျာဆရာ၊ သီချင်းရေးဆရာ၊ ကိုယ်တိုင်သီချင်းတွေသီဆိုခဲ့သည့် အဆိုတော်၊ အတီးပညာရှင်စသည်ဖြင့် ဘက်စုံ ပညာစုံလှသည်။

သူ့သီချင်းလေးများတွင် တရားဓမ္မရိပ်ကလေးများ တွေ့မြင်နေရသလို စကားလုံးကာရန် အချိတ်အဆက်ကလေးများဖြင့်လည်း လှပဝေဆာစွာ တန်ဆာဆင်ထားရာ ကျွန်တော်တို့ မြန်မာစာပေ မြန်မာစကားတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာအချက်ကို ပြသနေသည်။

"နွေနှောင်းရက်ကျန် X ဝသန်ပေါ်ဦးခါ X အုံ့ပျမှိုင်းဆန်း ယုဂန်သွေ မြနန်းမှာ X ရွှေလျှံလျှပ်နွယ်ခွေကာ မိလ္လာချပ်ဆင် ဝေမင်မှောင်ပြာ X တိမ်တိုက်ရွှေ့ပြောင်းလေလျှင်လောင်းရာ X ကြွေကာကြွေကာ မြေမှာကြဲလျက် X ပုလဲရည်ငွေစက်ဖျန်းပက်စွေရွာ X X X" ရွေးချယ်သီကုံးထားတဲ့ ပုလဲလုံးတွေကလည်း လှပလိုက်ပါဘိ။ သီဆိုသူ စာရေးဆရာကြီး ဦးသုခကလည်း ဘဝင်ခိုက်အောင် ဆိုတတ်လေတော့ ကျွန်တော်တို့ အသည်းလှိုဏ်ပြင်မှာ ယနေ့တိုင်အောင် စွဲကာထင်နေဆဲ။

အနုပညာယဉ်ကျေးမှုနယ်ပယ်တွင် ကျွန်တော်တို့ဘိုးဘွားများ အစဉ်တစိုက်ကြိုးပမ်းဖွဲ့စည်းပေးခဲ့သော အမွေအနှစ်များကို ဆက်လက်ကြီးပွားတိုးတက်အောင် ဆောင်ရွက်ရပါမည်။ ထိုအမွေအနှစ်တို့ မျက်ခြည်ပြတ်ပျောက်ကွယ်မသွားသင့်။ နိုင်ငံတော်အစိုးရကကြီးမှူး၍ နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပလာခဲ့သည်မှာ (၁၄)ကြိမ်မြောက်ခဲ့ပေပြီ။ ပြိုင်ပွဲကြီးကိုလည်း အလွန်အနှစ်သာရပြည့်ဝသော ဦးတည်ရည်မှန်းချက်များဖြင့် ကျင်းပနေပေသည်။ **မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊ စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်** ဟူသည့် ဦးတည်ချက်(၇)ရပ်ဖြင့် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိပါသည်။ မည်မျှအဓိပ္ပာယ်လေးနက်လှသည့် ဦးတည်ချက်များဖြစ်ပါသနည်း။ ဦးတည်ချက်တစ်ခုချင်းသည်ပင် တန်ဖိုးကြီးမားလှသည်။ ဤဦးတည်ချက်များ အောင်မြင်စေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားရမည်။

ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်၊ တိုင်းပြည်ပျောက်မည်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်အောင် ထိန်းသိမ်းသွားရမည်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းသွားရပါမည်။ သကြိန်မှာ တူးပို့တူးပို့ဆိုသည့် မြန်မာ့နောက်ခံ ဗုံသံလေးတွေပျောက်သွားလျှင် သို့မဟုတ် သင်္ကြန်သီချင်းများထဲက မြို့မငြိမ်း၏ သီချင်းများကို နုတ်ပယ်ကြည့်လိုက်လျှင် သင်္ကြန်သည်ပင် တစ်မျိုးတမည်ပြောင်းသွားနိုင်ပါသည်။ ရိုးရာတေးသွားလေးများ ပျောက်မသွားဖို့လိုသည်။ အဆို၊ အက၊ အရေး၊ အတီးပညာများတွင်လည်း ထိုနည်းနှင်နှင် ပါပင်။

တက္ကသိုလ်လှမောင်

တစ်ခါတစ်ရံ အိန္ဒိယရုပ်ရှင်ဇာတ်ကားလေးများ ကြည့်မိသည်။ သူတို့၏ အဆို၊ အက၊ အရေး၊ အတီးတို့သည် ကျွန်တော်တို့ငယ်စဉ်က ကြည့်ခဲ့ရသည့် အတိုင်းပင် ပြောင်းလဲမှုမတွေ့ရ။ အိန္ဒိယတို့၏နောက်ခံဗုံသံလေး၊ သီချင်းသီဆိုပုံ၊ လှည့်ပတ်ကပြနေပုံတို့ မပြောင်းလဲ။ ခေတ်မီနည်းပညာများနှင့်ပေါင်းစပ်ထား၍ ပို၍ပင် ကြည့်၍ နားထောင်၍ ကောင်းနေပါသေးသည်။ ထိုသို့ပင် ကျွန်တော်တို့၏ ဗုံသံလေးများ၊ သံစဉ်လေးများ၊ နွဲ့နှောင်းလှပသည့်အကများ၊ အဓိပ္ပာယ်အနှစ်ပြည့်ဝလှသည့် သီချင်းစာသားလေးများ ပျောက်မသွားစေချင်ပါ။ အရိုးကို အရွက်မဖုံးစေဘဲ ပိုမိုတိုးတက်ကောင်းမွန်လာအောင်သာ တီထွင်ကြံဆသင့်ကြပါသည်။

ဘာသာတရားမှ ယဉ်ကျေးမှုကို မွေးဖွားပေးသည်။ ကျွန်တော်တို့နိုင်ငံသည်လည်း ဘာသာတရားကိုအခြေခံ၍ ယဉ်ကျေးမှုတို့ဖွဲ့စည်းဖြစ်ပေါ်လာရသည်။ ထို့ကြောင့် ကျွန်တော်တို့ အဆို၊ အက၊ အရေး၊ အတီးအနုပညာရပ် အသီးသီးမှာ ဘာသာတရားအငွေ့အသက်များ ထုံမွှမ်းမွှေးပျံ့နေလေသည်။ ဘာသာတရားကသာလျှင် လူတွေကို ယဉ်ကျေးလိမ္မာ၊ သိမ်မွေ့နူးညံ့စေသည် မဟုတ်ပါလား။ တကယ့်အနုပညာစစ်စစ်ကို လေးစားမြတ်နိုးသူမှန်ပါလျှင်လည်း မည်သည့်စစ်ကိုမျှ၊ မည်သည့်အကြမ်းဖက် လုပ်ရပ်များကိုမျှ၊ မည်သည့် အနိုင်ကျင့်ဗိုလ်ကျမှုမျိုးကိုမျှ လက်ခံလိမ့်မည်မဟုတ်ပါ။ ဘာသာတရား၏ အင်အားသည် ကြီးမားလှပါသည်။ ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှုများကိုလည်း ဘာသာတရား အငွေ့အသက်တို့ဖြင့် ကြီးမားဖွံ့ထွားလာရသည်ကပင် ကျွန်တော်တို့အတွက် အဖိုးမဖြတ်နိုင်သော ဂုဏ်ယူစရာဖြစ်နေပါသည်။

ဂီတနက်သန်ကိုစောညိန်း၏ **"ဆက်သွယ်သန္တတိ"** ဆိုသည့် အသုံးအနှုန်းလေးက ကျွန်တော်တို့၏ အဆင့်မြင့်လှသောတန်ဖိုးကို ဖော်ပြနေသည်။ သီချင်းထဲက ဓမ္မ၊ ဓမ္မထဲကသီချင်း၊ ယူတတ် တွေးတတ်ပါလျှင် သီချင်းထဲက ဓမ္မတရားများကို တွေးမြင်မိကြလေမည်။ ကျွန်တော်တို့ နားထောင်သည့် ပရိသတ်ကလည်း တရားကို နှလုံးသွင်းဆင်ခြင်၍ နားထောင်တတ်သည့် ပရိသတ်မျိုးဖြစ်နေသည်ကပင် ဂုဏ်ယူစရာပါ။ ပွင့်ဦးသီချင်းထဲကပင် ထုတ်ယူပြရပါလျှင် "ဖြစ်ပြန် ပျက်ပြန် အချစ်မှန်တရားရယ် မူလွန်းတဲ့သူရယ်၊ ပွင့်ဦးကြွေမှဖြင့်ကွယ် မပန်စေချင်ရက်တော့တယ်"ပွင့်ဦးကြွေသွားသည်ဆိုသည်မှာ သေသွားခြင်း မရဏတရားပါ။ သေမှုအမှန်တရားကို ရှာချင်နေ၍ မဖြစ်နိုင်ပါ။ မသေခင် အမှန်သိအောင်လုပ်၊ အချစ်သီချင်းတစ်ပုဒ်ကို အဲဒီလိုတရားဖြင့် ဆင်ခြင်ကြည့်တတ်လိုက်တာကိုက ကျွန်တော်တို့၏ ယဉ်ကျေးမှုဟု ဆိုချင်ပါသည်။

ထိုနည်းတူစွာ **"သမာဓိခိုင်ခိုင်ထားတော့"၊ "ဘဝသံသရာ"**စသည် မြောက်မြားလှစွာသော မြန်မာသီချင်းတို့တွင်လည်း သီချင်းထဲကဓမ္မများကို ဆင်ခြင် ကြည့်နိုင်ပါသည်။ ထိုကဲ့သို့ ဘာသာအဆုံးအမ၊ တရားဓမ္မ ဆင်ခြင်မှုလေးများနှင့်အတူ စိတ်နှလုံးရွှင်ပြုံးအေးချမ်းသွားစေတတ်သော တေးသားလေးများကို မွေးထုတ်ပေးလိုက်နိုင်ခြင်းကပင် ကျွန်တော်တို့၏ အရည်အချင်း၊ ကျွန်တော်တို့၏ဂုဏ် ဖြစ်နေပါသည်။ ကျွန်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာကလည်း တရားကိုဆင်ခြင်ဖို့ဆိုရာမှာ အာရုံကို မည်သို့ခံစားသလဲ ဆိုသည့်အပေါ်မှာ မူတည်နေပါသည်။ အာရုံကို တဏှာလောဘ ရာဂဖြင့် ခံစားသလား၊ တရားဓမ္မဖြင့်ဆင်ခြင်လိုက်သလား၊ အရာရာကို တရားဓမ္မဖြင့် ခံစားတတ်အောင် ကျွန်တော်တို့ ဘိုးဘွားယဉ်ကျေးမှု အမွေအနှစ်များက ကျွန်တော်တို့ကို သွန်သင်ပုံသွင်း သွန်းလောင်းပေးထားခဲ့သည်။ ဤသည်ပင်လျှင် တစ်ပါးသော နိုင်ငံ၊ တစ်ပါးသော လူမျိုးတို့နှင့် မည်သို့မျှမတူညီနိုင်သော အရည်အချင်းတစ်ရပ်၊ ဂုဏ်ဒြပ်တစ်ခု၊ ယဉ်ကျေးမှုတစ်ဖြာဖြစ်ပါသည်။ ယဉ်ကျေးမှုဆိုသည်မှာလည်း လူမျိုး ဘာသာ သာသနာ ရိုးရာဓလေ့ထုံးစံ၊ လူမှုဘဝ၊ ဂီတပညာရပ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးဂုဏ်ဇာတိဂုဏ် အားလုံးခြုံ၍ ပါဝင်နေသော အမွေအနှစ်တို့ကို ခေါ်ခြင်းဖြစ်ပါသည်။

ဘာသာတရား အဆုံးအမများပါသော တွေးတောဆင်ခြင်ရမှုများမှ တစ်ဆင့် စိတ်နှလုံးရွှင်ပြုံးအေးချမ်းသွားစေတတ်သော သီချင်း တေးသားလေးများကို မွေးထုတ်ပေးလိုက်နိုင်ခြင်းကပင် ကျွန်တော်တို့၏ အရည်အချင်း၊ ကျွန်တော်တို့၏ ဂုဏ်ဖြစ်နေပါသည်။

မဟာကပ်ကမ္ဘာ မြေလွှာပြင်ဝယ်၊ မြူခြေငွေနှင်း ကျကာဆင်းသည့်နှယ်၊ သက်ာယုံမှားလွဲစွာ မှောင်မည်း အဝိဇ္ဇာဖုံးကွယ်၊ သြော်-တွေ့နိုင်ခဲလှသည် X X X သစ္စာ သစ္စာခင်ရယ် X X X မေ့ကို ချစ်ချင်လေသမျှ လောကရဲ့ ပရိယာယ် မာယာအသွယ်သွယ် X X X ဆန်းကြယ်စွာ သူလှည့်စား၍ X X X ဇရာကား ဝါးမျိုခဲ့ပြီကွယ် X X X ။

ကိုစောငြိမ်း၏ **"သစ္စာ"** သီချင်းလေးထဲမှာ မြူခြေငွေနှင်းလို အဝိဇ္ဇာအမှောင်များ ဖုံးပိတ်ကွယ်ဆီးထားနေ၍ သစ္စာလေးပါး အမှန်တရား ရှာဖွေမတွေ့နိုင်ခဲ့ကြောင်း ကျစ်လျစ်သိပ်သည်းစွာ သီကုံးရေးဖွဲ့ထားသည်မှာ လွန်စွာ ချီးကျူးဖို့ ကောင်းပါသည်။

ဂုဏ်တင်ထိုက်၊ ကျေးဇူးတင်ထိုက်သူများ အနုပညာလောကတွင် များစွာ ရှိနေပါသည်။ လက်လှမ်းမီသမျှ ဖော်ထုတ်မှု၊ ထိုက်သင့်သော ဂုဏ်ပြုမှုများဖြင့် အားပေးသွားသင့်ပါသည်။ ယနေ့လူငယ်များ၏ နှလုံးသားတွင် ဂုဏ်ပြုထိုက်သော ပညာရှင်များ၏ ပုံရိပ်များထင်ဟပ်နေစေချင်ပါသည်။ မိမိ၏ဂုဏ်ကို မိမိ မြှင့်တင်ပေါ်လွင်အောင် ကြိုးစားသွားကြစေချင်သည်။

သန္တတိ ဆိုသည့်စကားက အဆက်မပြတ် ဆက်သွယ်ဖြစ်ပေါ်စုဖွဲ့နေမှု တရားဖြစ်ပါသည်။ ရပ်ဆိုင်းအဆက်ပြတ်သွားခြင်း မဟုတ်ပါ။ ကျွန်တော်တို့ အစဉ်အလာစီးမျောမှုတို့သည် မြစ်တစ်စင်း၏ ရေအလျဉ်လို တသွင်သွင် အဆက်မပြတ် မရပ်တမ်းစီးဆင်းနေရမည်။

ထို့ကြောင့် ပြိုင်ပွဲကာလ တစ်နှစ်တွင်တစ်ခါ နိုးကြားဖြစ်ပေါ်မှုမျိုး ရှိရမှာဖြစ်သကဲ့သို့ တစ်ဆယ့်နှစ်ရာသီပတ်လုံး လှုပ်ရှားမွေးဖွားပေးရမည်မှာလည်း ကျွန်တော်တို့ အားလုံး၏ တာဝန်ဖြစ်နေပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ပွဲပြီးမီးသေ သွေးအေးမေ့လျော့သွားခြင်းမျိုးမဖြစ်ရအောင် အမြဲတမ်းနိုးကြားပြီး ကျွန်တော်တို့အားလုံး ယဉ်ကျေးမှုမျက်နှာစာမှာ နံရံတံတိုင်းကြီးများပမာ လက်တွဲညီညာစွာ တစ်ဖက်က ကာရံထားရင်း မိမိအမွေအနှစ်များကို ရှင်သန်တိုးပွားလာစေရန် စဉ်ဆက်မပြတ် လှုပ်ရှားကြိုးစားသွားရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ဘာသာတရားမှ ယဉ်ကျေးမှုကို မွေးဖွားပေးသည်။ ကျွန်တော်တို့နိုင်ငံသည်လည်း ဘာသာတရားကို အခြေခံ၍ ယဉ်ကျေးမှုတို့ ဖွဲ့စည်းဖြစ်ပေါ်လာရသည်။ ထို့ကြောင့် ကျွန်တော်တို့ အဆို၊ အက၊ အရေး၊ အတီးအနုပညာရပ် အသီးသီးမှာ ဘာသာတရားအငွေ့အသက်များ ထုံမွှမ်းမွှေးပျံ့ နေလေသည်။ ဘာသာတရားကသာလျှင် လူတွေကို ယဉ်ကျေးလိမ္မာ၊ သိမ်မွေ့နူးညံ့စေသည် မဟုတ်ပါလား။

ကျောက်မဲအထက(၂)စုံညီခန်းမဆောင်သစ်တည်ဆောက် နောင်ချိုမြို့ ဆမ္မဆယ်သကြားစက်ရုံ ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွဋ်သည် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ၁၂ရက် နံနက်ပိုင်းက ကျောက်မဲမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမဆောင် အဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးသည် စုံညီခန်းမဆောင် အဆောက်အအုံသစ် တည်ဆောက်ရေးအတွက် အလှူငွေကျပ်သိန်း ၈၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက လက်ခံရယူကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်တိုင်းမှူးသည် မန္တလေး–လားရှိုးလမ်းအတိုင်း ဆက်လက် ထွက်ခွာ၍ နောင်ချိုမြို့နယ် နောင်ချို–သီပေါလမ်းပိုင်း ဂုတ်တွင်းဒေသ၌ အေးရှားဝေါကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော သံကူကွန်ကရစ် အမျိုးအစား ဂုတ်တွင်းတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းမိုးညွန့်က အရှည်ပေ၁၈၀ရှိ ဂုတ်တွင်းတံတားသစ် တည်ဆောက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး တံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည်နောင်ချိုမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ပန္နက်တင်နှင့်အုတ်မြစ်စီ

ထိုမှတစ်ဆင့်တိုင်းမှူးသည်နောင်ချိုမြို့နယ်ဆမ္မဆယ်ကျေးရွာအနီး၌ကျင်းပသော ငွေရည်ပုလဲကုမ္ပဏီလီမိတက်၏ ဆမ္မဆယ်သကြားစက်ရုံ မင်္ဂလာပန္နက်တင်နှင့် အုတ်မြစ်စီ အခမ်းအနားသို့ တက်ရောက်အားပေးရာ အစီအစဉ်အရ ငွေရည်ပုလဲကုမ္ပဏီလီမိတက် စီမံကိန်းမန်နေဂျာဦးသိန်းမြင့်က ဆမ္မဆယ်သကြားစက်ရုံ တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာကို ရှင်းလင်းတင်ပြသည်။

ပန္နက်တင်ပေး

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာများ၌ မင်္ဂလာပန္နက်တင်ပေးခဲ့၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြပြီး သတ်မှတ်နေရာများအလိုက် အုတ်မြစ်စီပေးကြသည်။

ကြိတ်ဝါးနိုင်

ဆမ္မဆယ်သကြားစက်ရုံကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ အပြီးတည်ဆောက်သွားမည်ဖြစ်ကာ တစ်နေ့လျှင် ကြံကုန်ကြမ်းတန် ၁၅၀၀ ကြိတ်ဝါးနိုင်ပြီး လောင်စာဆီ အီသနောစက်ရုံ တိုးချဲ့တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက်တိုင်းမှူးသည် နောင်ချိုမြို့နယ် အုမ္ဗခါးကျေးရွာအနီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ရှည်ပင်နှင့် ရာသီသီးနှံစိုက်ခင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး မကျီးရေကျေးရွာအနီး ကျောက်မဲခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးလှထွန်းက ရွှေညောင်–ရပ်စောက်–အင်တော–ကျောက်ဂူ–တောင်ခမ်း–နောင်ချိုလမ်းပိုင်း မိုင်တိုင်အမှတ်(၁၁၆/၁)မှ မိုင်တိုင်အမှတ်(၁၁၆/၂)အတွင်း မဲသဝေါချောင်း ရေတိုက်စားမှု အခြေအနေတို့ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

ရန် ကုန် မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ်(၁၉၈)နေ ဦးကိုကိုကြီး–ဒေါ်မေသန်း သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရထားလမ်းအားလုံး အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက် အပိုင်းလိုက်၊ လုပ်ငန်းလိုက် လူအင်အားရော ယန္တရားများပါအသုံးပြု

နေပြည်တော် အောက်တိုဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် အောက်တိုဘာ ၁၅ရက် နံနက်ပိုင်းက ပဲခူးမြို့ရှိ လူမှုဖွံ့ဖြိုးရေး ပန်းခြံကုန်း ပရဟိတကျောင်း၌ ကျင်းပသည့် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ အဌမအကြိမ်မြောက် မဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲကို တက်ရောက်သည်။

ရှေးဦးစွာ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက မြို့မဆရာတော်ဘဒ္ဒန္တဂန္ဓမာက သီလတရား ချီးမြှင့်တော်မူသည်။

မတည်ငွေလှူဒါန်း

ယင်းနောက် မြို့မဆရာတော်အမှူးပြုသော သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဗဟိုအလုပ်အမှုဆောင်က ကထိန်သင်္ကန်းနှင့် ပရဟိတကျောင်းအတွက် ငွေပဒေသာပင် မတည်ငွေကို လှူဒါန်းသည်။

ရေစက်ချအမျှပေးဝေ

ဆက်လက်၍ ဧည့်ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်သည် ပဲခူးမြို့ နန်းတော်ရာရပ်ကွက် စမ္ဘုန်ဘောကုန်းတော်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေအောင်ရွှေး(ခ)ဆံတော်ရှင်စူဠာမုနိစေတီတော်မြတ်သို့ရောက်ရှိပြီး စေတီတော်ကြီး ထီးတော်ကပ်လှူရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဒုတိယဝန်ကြီးဦးဖေသန်းလိုက်ပါ၍ စစ်တောင်း(ဆတ်သွားကုန်း) မြစ်ကျိုးရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး မြေသားတာပေါင်ကြံ့ခိုင်မှုနှင့် ၇၆ ပေအရှည် ဝဇီချောင်းတံတား တည်ဆောက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။**(အောက်ဝဲပုံ)**

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပေ ၃၂၀ အရှည် စစ်တောင်းတူးမြောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့မီးရထားမှ စီမံကိန်းအင်ဂျင်နီယာ ဦးသန်းဇော်ဦးက စစ်တောင်း(ဆတ်သွားကုန်း)၊ မြစ်ကျိုး၊ ဒိုက်ဦးရထားလမ်းဖောက်လုပ်ခြင်းကို ခုနစ်မိုင်အရှည်ရှိ ဆတ်သွားကုန်းမှ စစ်တောင်းတူးမြောင်းတံတားအထိအပိုင်း၊ သုံးမိုင် အရှည်ရှိစစ်တောင်းတူးမြောင်းမှ နဂါးပေါက်ချောင်းအထိ အပိုင်းနှင့် ၁၄မိုင်အရှည် နဂါးပေါက်ချောင်းမှ ဒိုက်ဦးအထိ အပိုင်းဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ မြေသားတာပေါင်များ ပြန်လည်မွမ်းမံခြင်းနှင့် ဘူတာအဆောက်အအုံနှင့် တံတားများ တည်ဆောက်မှုအခြေအနေတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးဦးဖေသန်းက ဖြည့်စွက်တင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ရထားလမ်း အားလုံး အမြန်ဆုံးပြီးစီးအောင် အပိုင်းလိုက်၊ လုပ်ငန်းလိုက်၊ လူအင်အားရော ယန္တရားများပါ အသုံးပြု၍ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖောဓိရိပ်ငြိမ်တောရ စုပေါင်းမဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဝါးနက်ချောင်းကြီးကျေးရွာ ဖောဓိရိပ်ငြိမ်တောရ စုပေါင်းမဟာဘုံကထိန်ပွဲကို ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ရက်အောက်တိုဘာ၂၉ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

မဟာဘုံကထိန်ပွဲသို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း ဓမ္မသုခရိပ်သာမှ ယောဂီများ နံနက် ၇နာရီတွင် ကားဖြင့် သွားရောက်၍ကထိန်သင်္ကန်း ပါဝင် လှူဒါန်းကြမည်ဖြစ်ရာ ဓမ္မမိတ်ဆွေများ ဒေါ်ခင်လှတင် ဖုန်း–၀၉–၅၀–၂၁၂၄၄နှင့် ဦးကျော်နိုင်ထွန်း ဖုန်း–၅၁၉၀၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ရာပြည့်ဆွမ်းဆက်ကပ်

နေပြည်တော် အောက်တိုဘာ ၁၇

နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် အရာထမ်း၊ အမှုထမ်းများက အောက်တိုဘာ ၁၅ရက် နံနက်၉နာရီက နေပြည်တော်ရှိ မိုးကုတ်ဝိပဿနာကျောင်းတိုက်၌ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် သံဃာတော်ကိုးပါးအား ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ပရိတ်တရားတော်နာယူခြင်း အခမ်းအနား ကျင်းပသည်။

အလားတူ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် သံဃာတော်ကိုးပါးအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပရိတ်တရားတော်နာယူခြင်း အခမ်းအနားများကို အောက်တိုဘာ၁၅ရက် နံနက် ၉ နာရီက ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရန်ကုန်)၊ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၊ (တိုက်ကြီး)၊ ပြည်နယ်၊ တိုင်းကြေးတိုင် ဦးစီးဌာနအားလုံး၊ ပြည်နယ်၊ တိုင်းမြေစာရင်းဦးစီးဌာနအားလုံး၊ ခရိုင်နှင့် မြေစာရင်းဦးစီးဌာနအားလုံး၊ မြို့နယ် မြေစာရင်းဦးစီးဌာနအားလုံးတို့၌ တစ်ပြိုင်တည်း ကျင်းပကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာ၁၅ရက်က အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အကြီးတန်း ဘောလုံးပြိုင်ပွဲနောက်ဆုံး ဗိုလ်လုပွဲကို မြန်မာ့မီးရထားကွင်း အင်းစိန်၌ ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော ကမ်းနားအနောက်ရပ်ကွက်အသင်းအား မြို့နယ်ဥက္ကဋ္ဌဦးအောင်ဆွေက တံခွန်စိုက်ဖလား ဆုချီးမြှင့်စဉ်။ (က–ပ)

စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် မဟာဘုံကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်တွင် ပုရိမဝါမှ ထတော်မူကြကုန်သော တိပိဋကရေတိပိဋကကောဝိဒ အရှင်သုန္ဒရအမှူးပြုသည့် သံဃာတော်အရှင်သူမြတ်တို့အား ကထိန်ဒါယကာဦးဘခင်၊ ကထိန်ဒါယိကာမဒေါ်ရှုကြည်၊ ညီမ ဒေါ်ရီမေသင်း မိသားစုနှင့် စွန်းလွန်းယောဂီများက စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူမည့် အခမ်းအနားကို အောက်တိုဘာ၂၂ ရက်(တနင်္ဂနွေနေ့) (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း၂ရက်)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

18-10 (11) 1 10/18/06, 2:06 AM

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ “ဝေဿန္တရာဇာတ်တော်ကြီး” ရန်ကုန်တိုင်းကိုယ်စားပြု မောင်ဉာဏ်ဝင်း ယဉ်ကျေးမှုဇာတ်အဖွဲ့ စတင်ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၇

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ “ဝေဿန္တရာဇာတ်တော်ကြီး”ပြိုင်ပွဲကို နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ ယမန်နေ့ ည ၇ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းကိုယ်စားပြု မောင်ဉာဏ်ဝင်း ယဉ်ကျေးမှုဇာတ်အဖွဲ့ စတင်ယှဉ်ပြိုင် ကပြဖျော်ဖြေတင်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်း ကိုယ်စားပြု မောင်ဉာဏ်ဝင်း ယဉ်ကျေးမှုဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

အဆိုပါ ဝေဿန္တရာဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်ရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်ဇနီး၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့်ဇနီး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယကအဖွဲ့ဝင် ဂီတနှင့် သဘင်အနုပညာရှင်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ဝန်ထမ်းများ၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေး မြို့နယ်တို့မှ ဒေသနေပြည်သူများ ကြည့်ရှုအားပေးကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲတွင် ဇာတ်တော်ကြီး အကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သွင်၊ အတွင်းရေးမှူး ဦးတင်ထွန်းဦးနှင့် အကဲဖြတ်အဖွဲ့ဝင်များက အမှတ်ပေး အကဲဖြတ်ကြသည်။

အဆိုပါပြိုင်ပွဲ၌ ဝေဿန္တရာမင်းကြီးအဖြစ် မောင်ဉာဏ်ဝင်း၊ မဒ္ဒီဝေဒီအဖြစ် ဒေါ်မြင့်မြင့်ကြည်၊ သိဥ္စည်းမင်းကြီးအဖြစ် ကိုကျော်လှ၊ ဖုဿတိမိဖုရားအဖြစ်မနွဲ့နွဲ့ဝင်း၊ ဇူဇကာပုဏ္ဏားအဖြစ် ကိုတင်ရွှေ၊ အမိတ္တာပုံအဖြစ် ဆုမွန်ကျော်၊ ဇာလီအဖြစ် မောင်သော်ဇင်ထွန်း၊ ကဏှာအဖြစ် မသင်းသီတာအောင်နှင့်အဖွဲ့ဝင် အဖွဲ့သားများက အလောင်းတော် ဝေဿန္တရာမင်း ဖြည့်ဆည်းကျင့်ကြံခဲ့သော ဒါနပါရမီ၏ မြင့်မြတ်နက်ရှိုင်းမှု၊ ဒါနပါရမီအထွတ်တင်လျက် အခြံအရံပါရမီများအကြောင်း၊ ဗုဒ္ဓဝင်ဆိုင်ရာ သုတရသများကို လာရောက်ကြည့်ရှုကြသော ပရိသတ်များ အသိဉာဏ်နှင့် ကိုယ်ကျင့်တရားများကို သိရှိနားလည်စေရန် လည်းကောင်း၊ မဒ္ဒီဒေဝီ၏ အမျိုးအားဖြင့်လည်းကောင်း၊ အဆင်းအားဖြင့် လည်းကောင်း၊ အကျင့်အားဖြင့် မြင့်မြတ်ပုံတို့ကိုလည်းကောင်း၊ ဂင်္ဂါမြစ်ရေနှင့် ယမုန်နာမြစ်ရေတို့သည် တပေါင်း တည်းရောယှက်၍ စီးဆင်းရသကဲ့သို့ တစ်ဦး၏အလိုကို တစ်ဦးက လိုက်ရပုံတို့ကို လည်းကောင်း၊ အဖွဲ့သူ အဖွဲ့သားများက အင်တိုက်အားတိုက်ဖြင့် ဇာတ်တော်ကြီး၏ အနှစ်သရုပ်ကို တက်တက်ကြွကြွဖြင့်ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်သွားသည်။

အောက်တိုဘာ ၁၇ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းကိုယ်စားပြု မိုးမင်းနှင့်အဖွဲ့ ယှဉ်ပြိုင် တင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြကြောင်းနှင့် သွားလာရေး အဆင်ပြေစေရန် သက်ဆိုင်ရာက မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ထားရှိပေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျေးလက်လမ်းပြုပြင်ထိန်းသိမ်းဆောင်ရွက်မှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူစွာ သွားလာနိုင်ရေးအတွက် ယန်းခမ်းရွာ နှင့် ကျန်ပါရွာသွားလမ်းရှိ ယန်းခမ်း– ဝမ်ဖြိုလမ်းအပိုင်းပေါ်တွင် ကျောက်ချောလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လင်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၁၈–၁၀–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၂၀ ၈။ ငါ့သရောက်ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let'°s Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် သင်ခန်းစာ တတိယနှစ်(ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
- ၁၇:၀၀ ၅။ တိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၃၅ ၈။ သီချင်းကြီးပဒေသာ
- ၁၇:၄၅ ၉။ **“အဲဒီမှာ စတွေ့တာပဲ”** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း(ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇:၅၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၄။ အတီးပြိုင်ပွဲ
- ၁၉:၁၅ ၁၅။ **“ချစ်လွန်းလို့”** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ–ကြည်စိုး)
- ၁၉:၂၅ ၁၆။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၁၉:၄၀ ၁၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုဆို၊က၊ရေး၊တီးပြိုင်ပွဲ
- ၂၂။ မြန်မာရုပ်ရှင် **“မှုန်ရွှေရည်”** ဝင်းဦး၊ အောင်လွင်၊ ခင်သန်းနု၊ စန္ဒာလင်း (ဒါရိုက်တာ–ဝင်းဦး)

ပြောင်းပြန်မှာ ပြောင်းဆန်ကစေး

❖ တစ်ပြည်(ပြေ)ထိရန် အဖျက်စုံသွင်းပါတဲ့
အမေရိကန် အရှက်ကုန်ခြင်းကိုတော့
တစ်ချက်တစ်ဖုံလင်းဖို့ ရှင်းပြပါချင်။

❖ တခြားဆီပြည်အရေးမှာလ
မတရားပြီ တစ်ချီမတွေးပါဘု
အဆီလွေးကာ အသားပါမျိုဖို့
အားအနာကို တစ်ခါဆိုမဖက်တယ်
ဝင်စွက်သူပင်။

❖ မကောင်းတဲ့ဉာဏ် ခေါင်းခံကာကြီးသူက
ပြောင်းနဲ့ဆန် ပြောင်းပြန်မှာစီး(စေး)သလိုပ။
အပေါင်းခြံပြီးသကာလ စွပ်စွဲကြကာပင်
မချွတ်မွဲလှပမာအသွင်ဖြင့် လူ့အခွင့်အရေး။

❖ ရယ်ဖို့ကောင်းပါရဲ့
ဘယ်သို့ပေါင်းကာ ဘယ်အရာဖန်တော့
ဆယ်ခါပြန်အမှန်ကို ရှင်းနိုင်သမို့
မြန်သတင်းမှာ ကမ္ဘာကျော်လို့
သမ္မာတော် မော်ကာလွှမ်းပြမယ်
စမ်းကြပေါ့လေး။

❖ သြော်– သင်းတို့မှာက မှန်းဆသမျှ
စခန်းမလှသမို့ နွမ်းလှလို့ဆွေး။ ။

ဗိုလ်ချုပ်မြေ–မြင့်ဆွေ

အမေရိကန်နှင့်နောက်လိုက်နိုင်ငံများ၏လုပ်ဆောင်မှု မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကိုပါထိပါးလာခြင်းဖြစ်

မတ်ကျန်းဒေသဖွံ့ဖြိုးရေးအဖွဲ့က လုံးဝလက်မခံကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၁၇

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မတ်ကျန်းဒေသဖွံ့ဖြိုးရေးအဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

မတ်ကျန်းဒေသဖွံ့ဖြိုးရေးအဖွဲ့၏ သဘောထားကြေညာချက်

ရက်စွဲ၊ ၂၅–၉–၂၀၀၆

၁။ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် မြန်မာနိုင်ငံအခြေအနေအား ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်လျက်ရှိသည်ဟု အကြောင်းပြချက်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။

၂။ အမေရိကန်နိုင်ငံနှင့် နောက်လိုက်နိုင်ငံများ၏ လုပ်ဆောင်မှုကြောင့် ထိုဆုံးဖြတ်ချက်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသည့်အပြင်–

(က) အမျိုးသားညီလာခံ ပျက်စီးရာပျက်စီးကြောင်းရည်ရွယ်ခြင်း၊

(ခ) ပြည်ထောင်စုပြိုကွဲစေလိုခြင်း၊

(ဂ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်စီးစေရန် ကြံရွယ်လုပ်ဆောင်ခြင်း၊

(ဃ) နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးလာခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

၃။ ယခုအခါ နိုင်ငံတော်အစိုးရသည် အနာဂတ်နိုင်ငံတော်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ အခြေခံအကျဆုံးနှင့် ပထမအဆင့်လည်းဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် လိုအပ်သော အခြေခံမူများရရှိရေးအတွက် အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံမူ(၁၀၄)ချက်နှင့်အတူ အသေးစိတ်အခြေခံရမည့် မူများကိုလည်း ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်နိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် အခြေခံကောင်းများ ရရှိနေသော အချိန်ဖြစ်ပါသည်။ ထို့အပြင် ပြည်တွင်း အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့နယ်မြေအလိုက် ရရှိခံစားနေရပြီဖြစ်ပါသည်။ ပြည်တွင်းအေးချမ်းတည်ငြိမ်မှုကို လက်တွေ့ခံစားနေရပြီဖြစ်သည့်အတွက် ပြည်ပနိုင်ငံများသို့ မည်သည့်အကြောင်းနှင့်မျှ ထိခိုက်နိုင်စရာအကြောင်းမရှိဟု ထင်မြင်ပါသည်။

၄။ ထို့ကြောင့် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုအား လုံးဝ(လုံးဝ) လက်မခံနိုင်ကြောင်းနှင့် ကန့်ကွက်ကြောင်း မတ်ကျန်းဒေသဖွံ့ဖြိုးရေးအဖွဲ့က သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဦးလင်းဆိုင်
ဥက္ကဋ္ဌ
မတ်ကျန်းဒေသဖွံ့ဖြိုးရေးအဖွဲ့
နမ့်စန်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

ကမ္ဘာတစ်လွှား အားကစား

ဖူလ်ဟမ်က ချဲလ်တန်ကို အိမ်ကွင်း၌အောင်ပွဲခံ

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

ဖူလ်ဟမ်အသင်းကစားသမားများ ချဲလ်တန်အသင်းကို အနိုင်ရပြီး ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် အောက်တိုဘာ ၁၇

ပရီမီယာလိဂ်ပွဲစဉ်(၈) လက်ကျန်ပွဲစဉ်အဖြစ် ဖူလ်ဟမ်အသင်းနှင့် ချာလ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဖူလ်ဟမ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဖူလ်ဟမ်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၆၅ မိနစ်တွင် မိုက်ဘရစ်ကတစ်ဂိုး၊ ပွဲချိန် ၆၇မိနစ်တွင် လူစားဝင်လာသူ ဂျင်ဆင်က တစ်ဂိုး သွင်းယူပေးခဲ့သည်။

ချာလ်တန်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဒါရင်ဘင့်က ပွဲချိန်၇၈မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။ ချာလ်တန်အသင်းသည် ပထမပိုင်းတွင်အင်ဒီရိဒ်နှင့် ဟက်ဆယ်ဘိန့်တို့၏ အနီးကပ်ဂိုးသွင်းခွင့်များနှင့်အတူ ဖူလ်ဟမ်အသင်းကို ဖိကစားနိုင်ခဲ့သည်။

သို့သော်လည်း မိုက်ဘရစ်က ကိုက်၂၀အကွာမှ ဖူလ်ဟမ်အသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ချာလ်တန်ကွင်းလယ် ကစားသမားဟောင်း ဂျင်ဆင်ကလည်း ဖူလ်ဟမ်အသင်းအတွက် နှစ်ဂိုး–ဂိုးမရှိ အဖြေကို ဖော်ထုတ်ပြသနိုင်ခဲ့သည်။

သို့သော်လည်း ဒါရင်ဘင့်က ချေပဂိုးသွင်းယူခဲ့သည်။ ဖူလ်ဟမ်အသင်းသည် ယင်းပွဲအနိုင်ရခဲ့၍ တန်းစီ ဇယား၏ တစ်ဝက်သို့ ခုန်တက်လာခဲ့သည်။ ဖူလ်ဟမ်အသင်းသည် ရှစ်ပွဲကစား သုံးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးထားပြီး ၁၂မှတ် ရရှိထားသည်။ **(အင်တာနက်)**

စိတ်ဓာတ်သည် အောင်မြင်မှု၏သော့ချက်ဖြစ် မန်ယူတိုက်စစ်မှူးဆိုးလ်ရှားပြောကြား

လန်ဒန် အောက်တိုဘာ ၁၇

မန်ချက်စတာယူနိုက်တက်အသင်းသည် အကောင်းဆုံး အသင်းစိတ်ဓာတ်ကြောင့် ရာသီသစ်သို့ အောင်မြင်စွာ ဝင်ရောက်လာခဲ့ပြီဖြစ်ကြောင်း တိုက်စစ်မှူး ဆိုးလ်ရှားက ပြောကြားလိုက်သည်။

မန်ချက်စတာယူနိုက်တက် အသင်းသည် ပရီမီယာလိဂ်တွင် ထိပ်ဆုံးနေရာရထားသည့်အပြင် ချန်ပီယံလိဂ် အုပ်စု(စ)တွင် ထိပ်ဆုံးနေရာရထားပြီဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

မိမိတို့၏ အသင်းကစားသမားများသည် တန်ပြန်တိုက်စစ်ကစားရာတွင် အလွန်ကောင်းပြီး ကစားကွက်ဖန်တီးမှုမှာလည်း ပို၍ကောင်းလာကြောင်း၊ မိမိဒဏ်ရာမရမီကထက် ပို၍ကောင်းလာကြောင်း ၎င်းကပြောကြားသည်။ အသက် ၃၃ နှစ်ရှိ ဆိုးလ်ရှားသည် ယခုနှစ်ရာသီတွင် မန်ယူအသင်းအတွက် ငါးဂိုးသွင်းပေးထားသူဖြစ်သည်။

အဆိုပါ အောင်မြင်မှုများသည် မန်ယူအသင်း၏ အောင်မြင်ရေးလမ်းကြောင်းပေါ် ပြန်ရောက်လာခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။ **(အင်တာနက်)**

ဝီဂန်အသင်းကို အနိုင်ရပြီး ဆိုးလ်ရှား ဤသို့ အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ခြောက်ပွဲရှုံးထားသည့် ဝက်စ်ဟမ်းနည်းပြ အနာဂတ်အတွက် စိုးရိမ်ပူပန်နေရပြီ

လန်ဒန် အောက်တိုဘာ ၁၇

ဝက်စ်ဟမ်းနည်းပြ အလန်ပါဂျူးသည် ပရီမီယာလိဂ်ပွဲစဉ်(၈) ပြိုင်ပွဲအဖြစ် အောက်တိုဘာ ၁၄ရက်က ပို့စ်မောက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးပြီး တန်းဆင်းဇုန်အတွင်း ရောက်ရှိသွား၍ ၎င်း၏အနာဂတ်နှင့်ပတ်သတ်ပြီး စိုးရိမ်မိကြောင်း အဆိုပါနည်းပြက ထုတ်ဖော်ပြောကြားလိုက်သည်။

ဝက်စ်ဟမ်းနည်းပြ အလန်ပါဂျူး။

ပါဂျူးသည် ၂၀၀၃ ခုနှစ်က ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိခဲ့သူ ဖြစ်သည်။ ၎င်း၏အဆိုးရွားဆုံးရလဒ်ကြောင့် အသင်းနည်းပြအဖြစ်မှ အလုပ်ဖြုတ်မည်ကို စိုးရိမ်ပူပန်နေသည်။

တက်ရောက်နိုင်ခဲ့

မည်သည့်မန်နေဂျာမဆို ခြောက်ပွဲရှုံးလျှင် အလုပ်ဖြုတ်ခံရမည်ကို စိုးရိမ်ပူပန်ကြသည်မှာသေချာကြောင်း၊ မိမိ ဝက်စ်ဟမ်းအသင်းကို မန်နေဂျာအဖြစ် တာဝန်ယူစဉ် အဆိုးရွားဆုံးရလဒ် ဖြစ်ကြောင်း အလန်ပါဂျူးက ပြောကြားသည်။

ဝက်စ်ဟမ်းအသင်းသည် ၂၀၀၅ ခုနှစ်က ပရီမီယာလိဂ်သို့ ပြန်ရောက်လာခဲ့ပြီး တန်းစီဇယား အလယ်တွင် ရှိခဲ့ကြောင်း၊ ထို့အပြင် အက်ဖ်အေဖလား ဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း ၎င်းကဆိုသည်။

ခေါ်ယူအားဖြည့်

အလန်ပါဂျူးသည် ယခုနှစ်ရာသီတွင် အာဂျင်တီးနားနာမည်ကြီး ကစားသမားများဖြစ်သည့် မာရှေယာနိုနှင့် ကားလို့စ်တီဗက်ဇ်တို့အား ခေါ်ယူအားဖြည့်ခဲ့သည်။ သို့သော်လည်း ၎င်းတို့နှစ်ဦးသည် ယခုအချိန်အထိ ခြေစွမ်းမပြနိုင်သေးဘဲ ရှိသည်။ **(အင်တာနက်)**

ပြင်သစ်ကစားသမားရစ်ဘရီအား အာဆင်နယ်ကအလိုရှိကြောင်း ဝင်းဂါးပြောကြား

လန်ဒန် အောက်တိုဘာ ၁၇

ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲတွင်ခြေစွမ်းပြခဲ့သောပြင်သစ်နာမည်ကြီး ကစားသမား ဖရန့်ရစ်ဘရီအား အာဆင်နယ်အသင်းမှ အလိုရှိနေကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက ပြောကြားသည်။

ရေးသားတင်ပြသူ

မြင့်မောင်စိုး



ပြင်သစ်ကစားသမား ရစ်ဘရီ။

အသက် ၂၃နှစ်ရှိ ရစ်ဘရီသည် နွေရာသီက အာဆင်နယ်သို့ ပေါင် ၁၀ သန်းဖြင့် ပြောင်းရွှေ့ရန် အဆက်အသွယ် ပြုလုပ်ခဲ့ဟုဆိုသည်။ ၎င်းသည် ယခုအခါ မာဆေးအသင်းတွင် ကစားလျက်ရှိသည်။

အာစင်ဝင်းဂါးက ရစ်ဘရီအား ယခုနှစ်နွေရာသီတွင် ခေါ်ယူရန်အလိုရှိကြောင်း၊ သို့သော်လည်း မာဆေးက ရောင်းချရန် ငြင်းဆိုခဲ့ကြောင်းသိရသည်။

ပြောင်းရွှေ့လာ

ရစ်ဘရီသည် ပြီးခဲ့သောနွေရာသီက မိန့်ဇ် အသင်းမှ မာဆေးသို့ပြောင်းရွှေ့လာခဲ့ပြီး လေးနှစ်စာချုပ်ချုပ်ဆိုထားသည်။

လွှဲပြောင်းယူမည်

ပြင်သစ်လက်ရွေးစင် အသင်းက ရစ်ဘရီအား အာစင်ဝင်းဂါး၏ အသင်းတွင် သွားရောက်ကစားရန် တိုက်တွန်းနေသည်။ ရစ်ဘရီအနေဖြင့်လည်း အာဆင်နယ်အသင်းတွင် အွန်နရီရှိနေ၍ ပြောင်းရွှေ့ရန် လိုလားလျက်ရှိသည်။ ၎င်းသည် ပြင်သစ်လက်ရွေးစင်အဖြစ်မှ အနားယူသွားသောဇီဒန်း၏နေရာကို လွှဲပြောင်းယူလိမ့်မည်ဟု မျှော်လင့်ရသည်။ **(အင်တာနက်)**

ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ် ဦးခေါင်းခွဲစိတ် သတိပြန်ရသော်လည်း ပြိုင်ပွဲများနှင့်လွဲမည်

လန်ဒန် အောက်တိုဘာ ၁၇

ချယ်လ်ဆီးဂိုးသမား ပီတာဆက်သည် ဦးခေါင်းခွဲအက်သွား၍ ခွဲစိတ်ပြီးနောက် သတိပြန်ရလာပြီဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက ပြောကြားသည်။

လွဲဖွယ်ရှိ

အသက် ၂၄နှစ်ရှိ ဂိုးသမားပီတာဆက်ချ်သည် အောက်တိုဘာ ၁၄ရက်ညပိုင်းက ရက်ဒင်းအသင်းနှင့် ကစားရာတွင် ရက်ဒင်းကစားသမား စတီဖင်ဟန့်နှင့်တိုက်မိပြီး ခေါင်းဒဏ်ရာ ရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယင်းဒဏ်ရာကြောင့် ယခုနှစ်ရာသီနှင့် လွဲဖွယ်ရှိသည်ဟု ဆိုသည်။

စစ်ဆေးပေးရန်

ယခုအခါ ပီတာဆက်ချ်၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း၊ မိသားစုနှင့် ကစားဖော်များက လာရောက်အားပေးခဲ့ကြောင်း ချယ်လ်ဆီး၏ကြေညာချက်တွင် ဖော်ပြသည်။ ထိုအတောအတွင်း ချယ်လ်ဆီးနည်းပြမော်ရင်ဟိုကယင်းထိခိုက်မှုနှင့် ပတ်သက်၍ စစ်ဆေးပေးရန် အက်ဖ်အေသို့ ပြောကြားလိုက်သည်။

သို့သော်လည်း ရက်ဒင်းနည်းပြ စတိဗ်ကော့ပဲလ်က သူ၏ကစားသမား စတီဖင်ဟန့်ဘက်မှ ရာနှုန်းပြည့် မှန်ကန်မှုရှိကြောင်း ထောက်ခံပြောကြားခဲ့သည်။ **(အင်တာနက်)**

ရက်ဒင်းနှင့်ကစားရာတွင် ဒဏ်ရာရရှိသွားသော ပီတာဆက်ချ်။

နယူးဒေလီမာရသွန်ပြိုင်ပွဲ ကင်ညာနိုင်ငံသားဗိုလ်စွဲ

နယူးဒေလီ အောက်တိုဘာ ၁၇

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ အောက်တိုဘာ၁၅ရက်က တစ်ဝက် မာရသွန်ပြိုင်ပွဲ ကျင်းပခဲ့သည်။

အနိုင်ရဗိုလ်စွဲ

အဆိုပါ မာရသွန် ပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ ဖရန့်ဆစ်ကီဘီဝေါ့တ်က အနိုင်ရ ဗိုလ်စွဲခဲ့သည်။ ၎င်းသည် ယင်းမာရသွန်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့၍ ဆုကြေးငွေ အမေရိကန်ဒေါ်လာ နှစ်သောင်း ဆွတ်ခူးရရှိသွားသည်။ **(အင်တာနက်)**

ကင်ညာ အပြေးသမား ကီဘီဝေါ့တ် ဤသို့ပန်းဝင်လာပြီး အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲ ဒုတိယနေ့ ယှဉ်ပြိုင် ရန်ကုန်တိုင်းကိုယ်စားပြု မိုးမင်းနှင့်ဇာတ်အဖွဲ့ တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၇

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ဝေဿန္တရာ ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ ယနေ့ည ၇နာရီတွင် ဒုတိယနေ့အဖြစ် ဆက်လက်ယှဉ်ပြိုင်ရာ ရန်ကုန်တိုင်းကိုယ်စားပြု မိုးမင်းနှင့်ဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါ ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်ရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း**(အောက်ပုံ)**၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင် ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင် သိန်းနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့်ဇနီး၊ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်း စစ်ဌာနချုပ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ် ကျေးရွာများမှ ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲတွင် ဇာတ် တော်ကြီး ပြိုင်ပွဲအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သွင်၊အတွင်းရေးမှူး ဦးတင် ထွန်းဦးနှင့် အကဲဖြတ် အဖွဲ့ဝင်များက ကြီးကြပ် ဆောင်ရွက်ပေးကြသည်။

ယှဉ်ပြိုင်ဖျော်ဖြေ

အဆိုပါပြိုင်ပွဲ၌ ဝေဿန္တရာမင်း ကြီးအဖြစ် မောင်မိုးမင်း၊ မဒီဒေဝီအဖြစ် မခိုင်သဇင်သင်း၊ ဇာလီအဖြစ် မောင် နိုးနိုးလပြည့်၊ ကဏှာအဖြစ် မသက် ထားဝေ၊ ဇူဇကာပုဏ္ဏားအဖြစ် ဦးမြိုင် ကြီးနှင့် ဆိုင်းပညာရှင် သီရိမောင်မောင် (ဝိုင်းခေါင်းဆောင်)သော အဖွဲ့က သရုပ်ဆောင်ကြပြီး အလောင်းတော် ဝေဿန္တရာမင်းကြီး၏ ဖြည့်ဆည်း ကျင့်ကြံခဲ့သော ဒါနပါရမီ၏ မြင့်မြတ် နက်ရှိုင်းမှုကို ကြည်ညိုသဒ္ဓါ ပွားများ နိုင်စေရန်၊ဒါနပါရမီအထွတ်တင်လျက် အခြံအရံပါရမီများအကြောင်းကို သိရှိ နာယူ ကျင့်သုံးနိုင်စေရန်နှင့် ဗုဒ္ဓဝင် ဆိုင်ရာ သုတ၊ ရသကို ပိုမိုသိရှိနား လည်လာခြင်း အသိဉာဏ်၊ ကိုယ်ကျင့် တရား ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ပရမတ္ထပါရမီ၏ သဘောသဘာဝကို ပြဆိုခြင်း၊ ပါရမီဖြည့်ဖက် ပုဂ္ဂိုလ်မြတ် တို့အကြောင်းကို ပြဆိုခြင်းနှင့် ဓမ္မနှင့် အဓမ္မ အားပြိုင်မှုကိုပြဆိုခြင်း အနှစ် သာရတို့ဖြင့် အဖွဲ့သားများက အင်တိုက် အားတိုက် သရုပ်ဆောင် ကပြယှဉ်ပြိုင် ဖျော်ဖြေကြသည်။

အောက်တိုဘာ၁၈ရက် ညပိုင်းတွင် စစ်ကိုင်းတိုင်းမှ ပန်တျာမျိုးသူနှင့်အဖွဲ့ က ဝေဿန္တရာဇာတ်တော်ကြီးကို ကပြ ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး လာရောက်ကြည့်ရှု အားပေးကြသော ပြည်သူများ သွားလာမှု အဆင်ပြေစေ ရေးအတွက် သက်ဆိုင်ရာက မော်တော် ယာဉ်များဖြင့် စီစဉ်ထားကြောင်း သိရှိ ရသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

အဖ ဦးထွန်းရွှေ၏သား Primary(1) I-ILBCမှ မောင်ထွန်း အောင်လှိုင်အား မောင်သီဟထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်သီဟထွန်း။

ရှာရန် ရာနှုန်း ၆၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရှာနိုင်သည်။ ရှာရန် ရာနှုန်း ၆၀ ဖြစ်သည်။

VACANCIES

(For local service only)

We are a leading marketing and distribution company and are looking for the well qualified personnel for the following post. Good remuneration package, commission & incentive will be offered for qualified persons.

၁။ [illegible] (Human Resources Manager) [illegible]

[illegible]

၂။ [illegible] (Branch Manager) [illegible]

[illegible]

၃။ [illegible] (Admin Manager) [illegible]

[illegible]

၄။ Marketing Supervisor — M/F Ygn(1)Post, Mdy(1)Post

(For Ethical Product)

-University Graduate

-Minimum 3 years experience in Pharmaceutical field.

-Able to manage staffs and work as a front line marketing person.

-Must possess good communication skill.

-Able to travel to district area.

၅။ Medical Representative — M/F Ygn (3)Posts, Mdy (2)Posts

(For Ethical Products)

-Any degree holder,Age above (20) years

-Minimum (1)year experience in promoting & selling pharmaceutical or consumer products is required.

-Must possess good communication skill.

-Able to travel to district area.

[illegible] AA Medical Products Ltd. [illegible] Samsung Plaza [illegible]



ဖခင်အမည်မှန်

အထက(၁၀)တာမွေ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဘောက်သီရမ်း၏ ဖခင်အမည်မှန်မှာ ဦးရာတောပ် ဖြစ်ပါကြောင်း။

ဦးရာတောပ်။

အမည်ပြောင်း

အဖ ဦးရာတောပ်၏သား အထက(၁၀)တာမွေ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဘောက်သီရမ်းအား မောင်ရဒူး ကူမာရပ်(ခ)ဇော်ဇော်စိုးဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

ယခင်လ လူပြည့်၍ မတက်ရသူများအတွက်

အရုဏ်ဦး ဆေးဝါးနားလည်မှုသင်တန်း

ဆေးဆိုင်ဖွင့်လိုသူများနှင့် ဆေးကုမ္ပဏီ ဖွင့်လိုသူများအတွက် တစ်လ အမြန်သင်တန်း ၂၀-၁၀-၂၀၀၆ရက်စပြီ၊ **အရုဏ်ဦး** ထုံးစံအတိုင်း အလွယ်တကူနှင့် အခြေခံကျကျ နားလည်စေရန် သင်ကြားသည်။ နှစ်ရက် အစမ်းတက်၍ရသည်။ ဆရာဝန်ကြီးများကသာ သင်ကြားသည်။ (စုံစမ်းရန် - နံနက် ၁၀နာရီမှ ညနေ ၄နာရီ)

တိုက်၁၈၊ လေးလွှာ၊ ကမာရွတ်လှည်းတန်းလမ်းမ(လှည်းတန်းဈေးကြီးနှင့်မီးပွိုင့်ကြား)

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံသားစိစစ်ရေး ကတ်အမှတ် ၉/ပဥလ(နိုင်)၀၃၁၄၁၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ ရှိက ဆက်သွယ်ပါ။ **မသဲဖြူ**

ဖုန်း-၅၄၀၇၂၁၊ ၀၉-၅၁-၇၀၃၈၆။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ထွေးထွေးမြင့်၏ Passport နံပါတ် ၇၅၄၀၇၁သည် ခရီး သွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀ ၁၉၅၃၈။

အိမ်/ခြံ ရောင်းမည်

စော်ဘွားကြီးကုန်း၊ နံ့သာကုန်း ပန်းခြံအနီး။

ဖုန်း-၀၁-၅၇၂၆၄၀၊ ၅၆၃၈၆၅။

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော် ဗုဒ္ဓပူဇနီယပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မော်လမြိုင် အောက်တိုဘာ ၁၃

မွန်ပြည်နယ် မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့ ဦးဆောင်၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မော်လမြိုင်မြို့ သွားတော်ဓာတ်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယတန်ဆောင်တိုင်ပွဲတော် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ၊ မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ အမွှေးနံ့သာပူဇော်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို နိုဝင်ဘာ၃ရက်မှ၅ရက်အထိ ဘုရားရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **(ဓါတ်ပုံ)**

တန်ဆောင်တိုင်ပွဲတော်ရက်အတွင်း ဘုရားရင်ပြင်တော်တွင် အောက်တိုဘာ၂၈ရက်မှ နိုဝင်ဘာ ၁ ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဝိသာခါဝတ်တော်ကြီးတွင် ၅ ရက်တိုင်တိုင်လည်းကောင်း၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားအမှူးပြုသော သံဃာတော် ၁၁၁ ပါးတို့အား ဆွမ်းဆန်လောင်းလှူပွဲကိုလည်းကောင်း၊ မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။ အဆိုပါ တန်ဆောင်တိုင်ပွဲတော်၊ ဗုဒ္ဓပူဇနီယပူဇော်ပွဲနှင့် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲတို့တွင် ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်း ဖုန်း ၀၅၇-၂၁၃၃၄ နှင့် မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင် ဖုန်း ၀၅၇-၂၄၈၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၁၆၈)**

လမ်းအမည်များသတ်မှတ်ဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးသန်းလှ စက်တင်ဘာ ၁၀ရက်က သီပေါမြို့ပေါ်ရှိ လမ်းအမည်နှင့် အိမ်အမှတ်များ စနစ်တကျ သတ်မှတ်ဆောင်ရွက်ထားမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးသန့်ဇင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဆောင်ရွက်

ဟိုပင် စက်တင်ဘာ ၂၀

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အာဟာရပြည့်လျှင် ရောဂါကင်းစင်၊ ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာဆောင်ပုဒ်နှင့်အညီ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ဟိုပင်မြို့ မူကြိုနေ့ကလေးထိန်းကျောင်းတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်စန်းစန်းဝင်းနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မူကြိုကျောင်းအုပ် ဆရာမကြီးဒေါ်အုန်းတင်နှင့် ဆရာမများက မူကြိုရင်သွေးငယ်လေးများကို အာဟာရ ကျွေးမွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

အရန်သားဖွားဆရာမများ သင်တန်းဖွင့်လှစ်ပွဲကျင်းပ

လောင်းလုံး စက်တင်ဘာ ၁၂

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပြည်သူ့ဆေးရုံတွင် အရန်သားဖွားဆရာမများ သင်တန်းဖွင့်လှစ်ပွဲကို စက်တင်ဘာ ၄ရက် နံနက် ၁၀နာရီက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဒေါက်တာဒေါ်မူမူသန်းက ဆောင်ရွက်၍ မြို့နယ်အတွင်းရေးမှူး ဦးဉာဏ်စိုးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဦးဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။

(မြို့နယ် ပြန်/ဆက်)

ကျွန်းစုမြို့ အဝင်ဆိုင်းဘုတ်တွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝဏ္ဏမောင်နှင့်အဖွဲ့ ရုံးဝန်ထမ်းများ စုပေါင်း၍ ပေါင်းမြက် ရှင်းလင်းခြင်းနှင့် မြေခင်းအလှပြုပြင်ရန် ဆောင်ရွက်ခြင်းကို စက်တင် ဘာ ၁၉ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးဦးခိုင်ထူး ကြီးကြပ်ဆောင်ရွက်စဉ်။ (တိုင်းစည်ပင်)

မိခင်/ကလေးအသင်း အရည်အသွေးမြင့်မားရေး ရှေ့လုပ်ငန်းစဉ်များ သွက်လက်စွာအကောင်အထည်ဖော်

မိုင်းယောင်း အောက်တိုဘာ ၆

မိုင်းဖြတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွန့်သည် တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းကိန်ဟွမ် လိုက်ပါလျက် စက်တင်ဘာ ၂၀ ရက်က မိုင်းယောင်းမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်နှင့်အသင်းဝင်များအား တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွန့်က အသင်းဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး၊ အရည်အသွေးမြင့်မားရေး ရှေ့လုပ်ငန်းစဉ်များ သွက်လက်ထက်မြက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**ဆက်လက်၍ မြို့နယ်အသင်းဥက္ကဋ္ဌဒေါ်နီလာလှိုင်က ဆောင်ရွက်ထားရှိမှုအခြေအနေများကိုတင်ပြဆွေးနွေးသည်။

အလားတူစွာ ဝမ်ဟိုရန်း နားဖန်းနှင့်ဝမ်ဖကျေးရွာများအထိ ကွင်းဆင်းဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

တာချီလိတ်မြို့၌ စာရေးခုံနှင့် ထိုင်ခုံများပေးအပ်လှူဒါန်း ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

တာချီလိတ် စက်တင်ဘာ ၁၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ စုပေါင်း၍ စာရေးခုံ၊ ထိုင်ခုံများ ပေးအပ်လှူဒါန်းခြင်းနှင့် ပညာပေးဟောပြောပွဲများ အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၁၀နာရီက တာလေမြို့ သီရိ (အမက)ကျောင်းတွင် ကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်တင်အေးကြည်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများက ငွေကျပ်သုံးသိန်းငါးသောင်းတန်ဖိုးရှိ စာရေးခုံ၊ ထိုင်ခုံ အစုံ ၂၀ ကိုပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

လှူဒါန်း

ဆက်လက်၍ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အိုင်အိုဒင်းဆားနှင့် အာဟာရ၊ တစ်ကိုယ်ရေသန့်ရှင်းရေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သုခကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံ ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

ဘိုကလေးမြို့နယ်၌ ရေစီးကောင်းမွန်ရေး အမှိုက်များ ဆယ်တင်

ဘိုကလေး အောက်တိုဘာ ၁၄

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက် နံနက်က အမှတ်(၃)ရပ်ကွက် မနောသုခလမ်း ဘေးဝဲယာတစ်လျှောက်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး အမှိုက်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလွန်းတင် ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် သက်ဆိုင်ရာရပ်ကွက်များမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)** **(မြို့နယ် စည်ပင်)**

တိုင်းရင်းသားရိုးရာအစားအစာ တမူး၌ရောင်းချ

တမူး အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်း တမူးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို အောက်တိုဘာ ၅ရက်နံနက်၉နာရီက တမူးမြို့ စက်ရောင်ဘီလူးခန်းမတွင်ကျင်းပရာ တမူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မာလာမြင့်က ရောင်းချပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခန်းမအတွင်း ရောင်းချသည့် တိုင်းရင်းသားရိုးရာအစားအစာတို့ကို လှည့်လည်ကြည့်ရှုရာ တိုင်းရင်းသူလေးများက ရိုးရာဓလေ့ဝတ်စုံများဖြင့် ကြိုဆိုဧည့်ခံကြသည်။

ယင်းအခမ်းအနားကျင်းပစဉ် အမျိုးသမီးရေးရာ ဗီဒီယိုဇာတ်လမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများလည်း ပြသကြသည်။

(ခရိုင်အမျိုးသမီးရေးရာ)

ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဆွမ်းဆက်ကပ် အလှူရှင်များ အာဟာရကျွေးမွေး၊ ကျောင်းဝတ်စုံထောက်ပံ့လှူဒါန်း

တိုက်ကြီး အောက်တိုဘာ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေး (အထက်တန်း)ကျောင်း၊ ကျောင်းအုပ်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရအား အမှူးထား၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ အလှူရှင်ဦးမြင့်စိုး–ဒေါ်မြမြစိုး၊ သမီးရတနာစိုးနှင့် သားသမီးမြေးတစ်စုက ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေရှိ သံဃာတော်များနှင့် သီလရှင်များအား တတိယအကြိမ် နေ့ဆွမ်းဆက်ကပ်ပွဲ၊ ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (အထက်တန်း)မှ ကျောင်းသားကျောင်းသူ ၄၄၁ဦးကိုအာဟာရကျွေးမွေးပွဲ၊သီလရှင်၊ ဆရာမနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက်က ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အလှူရှင်မိသားစုက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြပြီး ဓမ္မသုခ ဗိမာန်တော်အောက်ထပ်တွင် ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးပြီး ဆွဲ့ပရိသတ်များကို စတုဒိသာဖြင့် ကျွေးမွေးဆွဲ့ခဲ့သည်။

ထို့နောက် ဗိမာန်တော်အပေါ်ထပ် ပန်းတစ်ပွင့်တောင် ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူကာ ပန်းတစ်ပွင့်တောင် ဝေယျာဝစ္စအဖွဲ့ ကိုယ်စားဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)ကအလှူရှင်ကိုယ်စားလှူဒါန်းရခြင်းလျှောက်ထားပြီး ဝါးပတောကျေးရွာ သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တမုနိန္ဒက ဝမ်းမြောက်စကားနှင့် မှော်ဘီမြို့နယ် ပညာရေးမှူးဦးမြသိန်းက ကျေးဇူးတင်စကား ပြောကြားပြီးအလှူရှင်မိသားစုက ငွေကျပ်သိန်း၂၀ ကျော်တန်ဖိုးရှိ သီလရှင်ဝတ်စုံ၁၀စုံ၊ ကျောင်းဝတ်စုံ၄၄၁စုံတို့ကို သီလရှင်များ၊ ဆရာမများ၊ကျောင်းသား ကျောင်းသူများအား လှူဒါန်းထောက်ပံ့ပြီး ဆရာတော်ထံမှ ရေစက်ချတရားနာယူကြောင်း သိရသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက် ကျောဘက်ကပ်လျက်တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်အတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အေးသိဒ္ဓိ(၂)လမ်းနေ ဦးချစ်ဟန်–ဒေါ်အေးမြင့်၊ သား မောင်တိုးလွင်၊ သမီး မမော်လီဟန်၊ မခင်ကျော့ရီ၊ မောင်အောင်ဇော်မင်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိမြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

စိုက်ခင်းကြည့်ရှု

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့် အဖွဲ့ စက်တင်ဘာ ၁၂ ရက်က ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စိုက်ခင်းတွင် စိုက်ပျိုးထားသော ပန်းအလှပင်များ၊ ကြက်ဆူပင်များနှင့် အရိပ်ရပင်များ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရန်ကင်းရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း မျက်စိအထူးကုအတွက်ငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံစုပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း၌ အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက် ပေးလျက်ရှိသော မျက်စိအထူးကု အစီအစဉ်တွင် မရမ်းကုန်း ဝါယာလက် ၂ လမ်း၊ မိဘနှစ်ပါးဖြစ်သော ဒေါက်တာသန်းထွဋ်–ဒေါ်မေစုတို့အား ရည်စူး၍ မျက်စိအထူးကု ဒေါက်တာလှိုင်မေသန်းက အလှူတော်ငွေကျပ်လေးသောင်းနှင့် မျက်စိစမ်းသပ်ခြင်းဆိုင်ရာ ပစ္စည်းတို့ကိုလည်းကောင်း၊ တာမွေကျောက်မြောင်း မလွှကုန်းလမ်း ၃၂(၄–အေ)နေ ဒေါက်တာဦးသန်းလွင်–ဒေါက်တာ ဒေါ်ခင်ညိုညို၊ သားကျော်သီဟအောင်၊အေးချမ်းလွင်အောင်၊ ကျော်စည်သူလွင်မိသားစုက အလှူတော်ငွေကျပ် ငါးသောင်း၊ ဆရာကြီး ဦးအောင်ချစ်–ဒေါ်စန်းစန်းရီ သား ဦးခင်မောင်တင်– ဒေါ်ဇာရီအောင် (ခေတ္တ–စင်ကာပူ) မိသားစုက ငွေကျပ်တစ်သိန်း၊ သုဝဏ္ဏ ဇေယျာသုခလမ်း သဒ္ဓါအဖွဲ့က ငွေကျပ်တစ်သောင်းငါးထောင် လှူဒါန်းကြသည်။

ဆက်သွယ်နိုင်

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်း၏ နေ့စဉ်အာယုဒါန ရပ်ကွက်အလိုက်အိမ်တိုင်ရာရောက် စုရပ်အာယုဒါန မျက်စိအထူးကု အလင်းဒါနတို့အတွက် ဆေးနှင့် အလှူတော်ငွေများကို ဖုန်း– ၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ခြင်းအသုံးပြုရန် အမှိုက်မြေဆွေးမှ မြေသြဇာများပြန်လည်သန့်စင်ခြင်းကို အောက်တိုဘာ ၁ ရက်က အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ကလော အထက(၁)၌ စာတတ်မြောက်ရေးနေ့ကျင်းပ

ကလော စက်တင်ဘာ ၂၅

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ကျော်ဦးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိန်းကျော်အေးတို့က အမှာစကားပြောကြားကြပြီး အထက်တန်းပြဆရာဦးမျိုးမြင့်က ပညာခေတ်ခေါင်းစဉ်ဖြင့် ဟောပြောကြောင်း သိရသည်။ **(၄၀၈)**

သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောက်လုပ်ခဲ့သော ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို စက်တင်ဘာ ၂၄ ရက်က မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့်အဖွဲ့ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းနှင့်အငယ်တန်းအင်ဂျင်နီယာ ဒေါ်ခင်မာမာဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြဟောဝန်ပန်းဥယျာဉ်အတွင်း သာယာလှပရေးအတွက် မြက်ခင်းများ ညီညာမှုရှိစေရန် ဆောင်ရွက်နေမှုနှင့် ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုးနေမှုတို့ကို အောက်တိုဘာ ၇ရက်က အမှုဆောင်အရာရှိဦးစောရွှေ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
၁၉–၁၀–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့်ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဆုရသူများနှင့် ဆွေးနွေးခန်း) (အပိုင်း–၁)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) စိတ်အားဖြည့် ဓမ္မမိုးစက် (အရှင်ဆန္ဒာဓိက–ရွှေပါရမီတောရ)
(၂) Selected Idicms (မင်းကျော်မင်း)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရဖြည့်မှုရာပုံတော်) (ဒုတိယပိုင်း) (မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (ရွှေဖရုံသီးဆန္ဒင်းမကင်းနှင့် ပီလောပီနံဆန္ဒင်းမကင်း)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတကမ္ဘာအစီအစဉ်
၁၈း၂၅ သံစဉ်တေးသွားမေတ္တာစကား
(၁) အစကမသိလို့(ခင်နှင်းသက်)
(၂) အစကထဲကသိတယ် (မိုးမင်းဝင်း)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Better English
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ပျော်မယ်ဆို)
၁၉း၄၀ ခေတ်မရွေးသော တေးများ
(၁) စမ်းရေ (ကိုတင်ဝင်း)
(၂) ချစ်အရိပ် (ခင်ညွန့်ရီ)
(၃) နွဲ့ဆိုး (ကိုမြကြီး)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) နှစ်ကံပြိုင်ဖူးစာ (မဥ္ဇူသင်း)
(၂) ယဉ်ယဉ်ကျေးကျေး (ဝင်းဦး)
(၃) ချစ်သောမေ့ထံပြန်လာပါ (ညွန့်ညွန့်စိန်)

KYAW MYINT Group Trading Co., Ltd FATHER LAND Construction & Home Decoration
Wall Paper (Wall Covering)
"FATHER LAND"
09- 513 1071, 09- 514 2097 ☎: 01- 39 41 52, 39 41 77, 38 24 36 Fax : 01- 33 36 789
☎: 02- 33 488
09- 515 3373
☎: 067- 22 906 Website-www.fatherlandconstruction.com
(5%) (15%)

ပြည်ကြီးတံခွန်နှင့် ချမ်းမြသာစည်တို့တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး ရေဘေးသင့်များ စားသောက်ရေးနှင့် အဝတ်အထည်များ ပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁ရက် နံနက် ၁၀နာရီခွဲက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိကြသည်။

ရှေးဦးစွာတိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်အတွင်း ငါးနှစ်အောက်ကလေးငယ်များအား စတုတ္ထနှစ် ဒေသအလိုက် ပိုလီယိုကာကွယ်ဆေး ဒုတိယအကြိမ် တိုက်ကျွေးကြပြီး ကလေးများအတွက် လက်ဆောင်ကစားစရာအရုပ်များ ပေးအပ်ကြသည်။

(အပေါ်ယာပုံ)

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများသည် ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးရုံးသို့ သွားရောက်၍ ရေဘေးကယ်ဆယ်ရေး စခန်းအဖွဲ့ (၁)ရှိ အိမ်ထောင်စုဝင် ၈၈စု၊ လူဦးရေ ၄၇၁ဦးတို့ကို ထမင်းထုပ်နှင့် အဝတ်အထည်များပေးအပ်ပြီး မိသားစုဝင်များ၏ စားသောက်ရေး၊နေထိုင်ရေး၊ ဝတ်စားဆင်ယင်မှုအခက်အခဲများကို ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ထို့အပြင် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း လူမှုရေးအသင်းအဖွဲ့များမှ အမြန်ဆုံး ကူညီပေးနိုင်ရေးအတွက် စီစဉ်ပေးသွားမည် ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့သည်။

ထို့နောက်တိုင်းမှူးနှင့်ဇနီး၊တာဝန်ရှိသူများသည် ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ ကယ်ဆယ်ရေးစခန်း အဖွဲ့(၂)ရှိအိမ်ထောင်စုဝင်၅၀စုတို့မှ လူဦးရေ ၂၅၆ဦးတို့အား ထမင်းထုပ်နှင့် အဝတ်အထည်များ ပေးအပ်ပြီး အားပေးစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများသည် ပြည်ကြီးတံခွန်မြို့နယ် ကျန်းမာရေးမှူးရုံးရှိ ကယ်ဆယ်ရေးစခန်းအဖွဲ့(၃)မှ အိမ်ထောင်စုဝင် ၆၇စု၊ လူဦးရေ ၃၃၄ဦးကို ထမင်းထုပ်နှင့်အဝတ်အထည်များ ပေးအပ်ပြီး အားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် အမှတ်(၂၁) အခြေခံပညာအလယ်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်း အဖွဲ့(၄)မှ အိမ်ထောင်စုဝင် ၁၃၁စု၊ လူဦးရေ ၆၄၆ဦးတို့အား ထမင်းထုပ်နှင့် အဝတ်အထည်များကို တစ်ဦးချင်းစနစ်တကျ ဝေငှပေးအပ်ပြီး အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုပုံး အထကကျောင်းလမ်း ချုံနွယ်ရှင်းလင်း

ဟိုပုံး စက်တင်ဘာ ၃၀

ဟိုပုံးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ၂၀ရက်က ဟိုပုံး အထကကျောင်းလမ်းဘေးဝဲယာတစ်လျှောက်ချုံနွယ်များရှင်းလင်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဌာနဆိုင်ရာဝန်ထမ်းများနှင့်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုတို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးခင်ဇော်နှင့် အမှုဆောင် အရာရှိ ဦးစိုင်းအောင်လင်းတို့ ကြီးကြပ် ဆောင်ရွက်ကြသည်။ **(နယ်စပ်/စည်ပင်)**

ပန်းအုတ်ခုံ

အင်းတော်မြို့အဝင် ဗျူဟာလမ်းဘေးဝဲယာတစ်လျှောက် မြို့သာယာလှပရေးအတွက် ပန်းအုတ်ခုံဆောင်ရွက်နေမှုကို စက်တင်ဘာ ၁ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြင့်သန်း ကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ကန့်ဘလူမြို့ ဇောခိကုန်းကျေးရွာ ရေရရှိရေးအတွက်မြို့နယ်စည် ပင်သာယာရေးအဖွဲ့ဆောင်ရွက်ပေးလျက်ရှိရာ နှစ်လက်မရေလျှံတွင်းစမ်းသပ် ဆောင်ရွက်မှုကို အောက်တိုဘာ၃ရက်က အမှုဆောင်အရာရှိဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမိုးကျော်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်ရှိ မြေယာရှုခင်းအလှပင်များ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို စက်တင်ဘာ ၈ ရက်က အမှုဆောင် အရာရှိ ဦးမြင့်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၃) ဦးနေလင်းဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရှေးဦးသူနာပြုစု စွမ်းရည်ပြိုင်

မုံရွာ စက်တင်ဘာ ၂၈

စစ်ကိုင်းတိုင်း ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ အထိမ်းအမှတ် တိုင်းအဆင့် စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက မုံရွာခရိုင်ရဲတပ်ဖွဲ့ စစ်ရေးပြကွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရှေးဦးပြုစုခြင်းစွမ်းရည်တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ လေးယောက်တွဲ ထမ်းစင်နှင့် စစ်မြေပြင် လူနာကောက်နည်းတို့ ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။**(ခရိုင် ပြန်/ဆက်)**

ညောင်ရွှေမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ညောင်ရွှေ စက်တင်ဘာ ၂၀

ညောင်ရွှေမြို့ အမှတ်(၁)ကန်သာရပ်ကွက် မြို့မင်္ဂလာဈေးအရှေ့ဘက်ရှိမိုင်းလီချောင်းရိုးလမ်းဘေးရေမြောင်းရှိရေမှော်များ၊ အမှိုက်များ ဆယ်ယူရှင်းလင်းဖယ်ရှားခြင်း၊ လမ်းဘေးဝဲယာချုံနွယ်များ ရှင်းလင်းခြင်းနှင့် ဈေးပတ်ဝန်းကျင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေမြောင်းများဆယ်ယူခြင်း၊ ဈေးသန့်ရှင်းရေးဆောင်ရွက်ခြင်းများကို စက်တင်ဘာ ၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုး၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(နယ်စပ်/စည်ပင်)**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများ ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၇

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အစုအဖွဲ့လိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်အဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းတို့က ဆောင်ရွက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

အမှာစကားပြောကြား

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိ 'ဝ' အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ အစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ အနုပညာချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၇

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲ အစီအစဉ်များကို နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ ယနေ့နံနက်ပိုင်းမှ စတင်၍ ဆက်လက်ကျင်းပသည်။

ယနေ့ ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်များ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ *စာမျက်နှာ ၆ ကော်လံ ၁* ●

ဝေဿန္တရာဇာတ်တော်ကြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၁၇

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးကို ရေဆင်း တက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက် ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တို ဘာ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းမှ ပန်တျာမျိုးသူနှင့်အဖွဲ့ ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဆို

မဟာဂီတ (ဝါသနာရှင်) (ပထမတန်း) အမျိုးသမီး အဆို ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်ဝါဝါရွှေ၏ သီဆိုဟန်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အက

အခြေခံ (၁၀-၁၅) နှစ် အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ပြည်သိမ်းကျော် ဤသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)